# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၄၁ ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်

(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ ကိုယ်စားလှယ်တော်ကြီး များခင်ဗျား။ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကိုယ်စားလှယ်အဖွဲ့နဲ့ တွေ့ဆုံမယ့်တွေ့ဆုံပွဲကို ယနေ့အစား အောက်တိုဘာလ ၂၉ ရက်၊ စနေနေ့ ညနေ ၃း၃၀ နာရီမှာ ကျင်းပမှာဖြစ်ကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးနဲ့တွေ့မယ့် ကိုယ်စားလှယ်များခင်ဗျား။ Call ကို ဒီနေ့အစား အောက်တိုဘာလ ၂၉ ရက်၊ စနေနေ့ ညနေ ၃း၃၀ ကို ရွှေ့ဆိုင်းကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။ နောက်တစ်ခုကတော့ သဘင်ဆောင်မှာ ကျင်းပပြုလုပ်နေတဲ့ ရသုံးမှန်းခြေငွေစာရင်းနှင့်ပတ်သက်တဲ့CD ခွေလေးတွေကိုဒီနေ့ကောင်တာမှာတစ်ခွေကို၁၀၀ ကျပ်နဲ့ ရရှိနိုင်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၄၁ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ၄၁ ရက်မြောက်နေ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး သို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၇)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၄.၉၅ ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ၂၀(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ (က) နဲ့ (ဂ) တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၄၁ ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့လွှတ်တော် ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးစိုင်းတင်အောင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးစိုင်းတင်အောင်၊ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့် သည် ဇနီးသည်ကျန်းမာရေးအတွက် အရေးပေါ်ဆောင်ရွက်ရန် ရန်ကုန်သို့ သွားရောက်ရပါသဖြင့် ဒီကနေ့ ၂၇-၁၀-၂၀၁၁ ရက်နေ့မှ ၂၈-၁၀-၂၀၁၁ ရက်နေ့ ခွင့်(၂)ရက်အဖြစ်သတ်မှတ်ပေးပါရန် ဦးစံပြည့်ကိုယ်စား ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစိုင်းတင်အောင်မှ လေးစားစွာ ခွင့်ပန်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့် ၏ ၂၇-၁၀-၂၀၁၁ ရက်နေ့မှ ၂၈-၁၀-၂၀၁၁ ရက်နေ့အထိ ခွင့်(၂)ရက် ပန်ကြားချက်ကိုခွင့်ပြုဖို့ လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးဘိုးရယ် တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကော်ရိုင်း ဟာ မိသားစုအရေးကြီးကိစ္စ ပေါ်ပေါက်လာတဲ့အတွက် အမျိုးသားလွှတ်တော်အစည်းအဝေးတက်ရောက်ခြင်းကို ၂၇-၁၀-၂၀၁၁ ရက်နေ့မှ ၂၈-၁၀-၂၀၁၁ ရက်နေ့ အထိ (၂)ရက် ပျက်ကွက်ခြင်းအတွက် ခွင့်ရက်များအဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ၎င်း၏ ကိုယ်စား ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဘိုးရယ် မှ လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကော်ရိုင်း ၏ ၂၇-၁၀-၂၀၁၁ ရက်နေ့မှ ၂၈-၁၀-၂၀၁၁ ရက်နေ့အထိ ခွင့်(၂)ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ )

**ဥက္ကဋ္ဌ**။ ။ ဦးပေါလ်ထန်ထိုင်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄**။

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတင်ဗင်သာဘိတ် သည် အစာအိမ်ရောဂါအား ပြန်လည်စစ်ဆေးရန် ကုတင်(၁၀၀၀)ဆေးရုံ ဆရာဝန်ကြီးမှ ရက်ချိန်းထားပါသဖြင့် ၂၇-၁၀-၂၀၁၁ ရက်နေ့ (၁)ရက်အား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ၎င်း၏ ကိုယ်စား ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ကျွန်တော် ဦးပေါလ်ထန်ထိုင်း မှ ခွင့်တောင်းခံအပ်ပါတယ်။

**အချိန်၊ ၁၀း၀၄**။

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ၏ ၂၇-၁၀-၂၀၁၁ ရက်နေ့ခွင့်(၁)ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသော်ဇင်ဦး တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅**။

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်သန်း သည် ၎င်း၏သမီးဖြစ်သူမှာ မန္တလေး မြို့တော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေရပါသဖြင့် လိုအပ်သော ပြုစုစောင့်ရှောက်မှု များပြုလုပ်နိုင်ရန် အတွက်သွားနေရပါသဖြင့် ၂၇-၁၀-၂၀၁၁ ရက်နေ့မှ ၂၈-၁၀-၂၀၁၁ ရက်နေ့ အထိ အမျိုးသားလွှတ်တော် အစည်းအဝေးတက်ရောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုပါရန်

ဦးအောင်သန်း ကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးသော်ဇင်ဦး မှ ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်း ရဲ့ ၂၇-၁၀-၂၀၁၁ ရက်နေ့မှ ၂၈-၁၀-၂၀၁၁ ရက်နေ့အထိ ခွင့်(၂)ရက် ပန်ကြားချက်ကိုခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပြုထားသူ (၇)ဦး၊ ယနေ့ ခွင့်ပြုထားသူ(၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၁၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄) နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ် (၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအ ခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုသက်ဆိုင်ရာအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့်သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀ း၀၇**။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသောကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယခု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းသည့် မေးခွန်းသည် ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားရမည့် မေးခွန်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု က မြန်မာနိုင်ငံ ကျောင်းဆရာများ အသင်းချုပ်ဖွဲ့စည်းတည်ထောင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

### မြန်မာနိုင်ငံ ကျောင်းဆရာများ အသင်းချုပ် ဖွဲ့စည်းတည်ထောင်ခွင့်ပြုရန်အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀ း၀၇**။

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ပညာရေးဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်အံ့ဟူသော ဆောင်ပုဒ်နှင့်အညီ ပညာရေးရည်မှန်းချက်များကို ပေါက်ရောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေတဲ့ အခြေခံပညာဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍမှာ အလွန်ပဲ

အရေးကြီးလှပါတယ်။ နိုင်ငံတစ်ခုရဲ့ တစ်ဟုန်တိုး ကြီးပွားတိုးတက်ဖို့ အဓိကသော့ချက်ကတော့ ထိရောက်တဲ့ ပညာရေး ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်နိုင်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ပညာရေးဟာလည်း အစဥ်အမြဲ ခေတ်နဲ့အညီ ဆန်းသစ်နေအောင်ပြုပြင် ပြောင်းလဲပေးရပါလိမ့်မယ်။ အပေါ်ယံပြောင်းလဲမှုမျိုးမဟုတ်ဘဲနဲ့ အနှစ်သာရရှိရှိ နက်နက်ရှိုင်းရှိုင်း ပြုပြင်ပြောင်းလဲပေးနိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ စာမေးပွဲစနစ် တစ်ခု ကို အဓိကထား ပြီး အဆုံးအဖြတ်ပြုနေခြင်းထက် ကလေးတစ်ဦးချင်း၏ ကိုယ်ရည်ကိုယ်သွေး အစွမ်းအစများကို ပိုမိုအလေးအနက်ထားပြီး လေ့ကျင့်ပျိုးထောင်ပေးသွားနိုင်ကြဖို့အတွက် ယနေ့ အခြေခံပညာဆရာ၊ ဆရာမများတွင် တာဝန်ကိုယ်စီ ရှိနေကြပါတယ်။ အလှမ်းမဝေးသည့် အတိတ်ကာလနှင့် ယခုပစ္စုပ္ပန်အခြေအနေမှာ ပညာရေးအသီးအပွင့်များဖြစ်ကြတဲ့ လူရည်ချွန်တွေ ဘာသာစုံဂုဏ်ထူးရှင်တွေဟာ နိုင်ငံ့ခေါင်းဆောင်များအဆင့်ထိမည်၍မည်မျှ ပေါက်ရောက်အောင်မြင်အောင် ကျောင်းဆရာတွေ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြသလဲဆိုတဲ့ အချက်အလက်ကိုလည်း ပြန်လည်ဆန်းစစ်ရန်လိုအပ်မှာ ဖြစ်ပါတယ်။ အမိအဖတွေဟာ သူတို့ရဲ့ သားတွေသမီးတွေကို တစ်အိုးတစ်အိမ်တင့်တောင်းတင့်တယ် ထူထောင်နိုင်ရင် ကျေနပ်ကြရင်းနဲ့ လူ့လောကကို စွန့်ခွာသွားလေ့ရှိကြပါတယ်။ ကျောင်းဆရာတို့ကတော့ သူတို့သင်တဲ့ တပည့်တွေကို ကောင်းမြတ်သော မေတ္တာစေတနာဖြင့် နိုင်ငံ့အကျိုးသယ်ပိုးဆောင်ရွက်ကြမယ့် သားကောင်းသမီးကောင်းရတနာတွေ နိုင်ငံ့အုပ်ချုပ် မင်းလုပ်နိုင်မည့်အဆင့်ထိ ခေါင်းဆောင်ကြီးတွေ ပေါ်ထွန်းလာမှာကို မျှော်လင့်ရင်းနဲ့ လူ့လောကကို စွန့်ခွာသွားရင်း မျိုးဆက်သစ်တွေကို ချန်ထားခဲ့ကြပါတယ်။ သို့ပါ၍ ကြိုးပမ်းအကောင်အထည်ဖော်နေဆဲဖြစ်တဲ့ ပညာရေးစနစ်နှင့် ဖော်ဆောင်နိုင်မှုများကိုလည်း ပြန်လည်ဆန်းစစ်ရန် လိုအပ်လာမှာ ဖြစ်ပါတယ်။ စစ်မှန်သော ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ဖို့ အားသွန်ကြိုးပမ်းနေချိန်မှာ ကျွန်တော် လေ့လာမိသမျှတော့ဖြင့် အခြေခံပညာကျောင်းပေါင်း (၄၀၉၉၂)ကျောင်းတို့မှာ ဆရာ၊ ဆရာမပေါင်း(၂၇၃၅၁၆) ဦးတို့က ကျောင်းသားကျောင်းသူပေါင်း (၇၉၉၂၃၅၂) ယောက်တို့ကို အမိနိုင်ငံအနာဂတ် ပညာရေးအတွက် ပညာသင်ကြားပို့ချလျက် ရှိနေကြောင်းကို တွေ့ရှိရပါတယ်။ ဒါကြောင့် အခြေခံပညာဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍဟာ၊ သူတို့ပါဝင် အကောင်အထည်ဖော်ဆောင်ရွက်နေကြတဲ့ ပညာရေးဆိုင်ရာ အခက်အခဲ အတွေ့အကြုံ၊ မျှော်လင့်ချက်ဆန္ဒနှင့် သူတို့ဖော်ပြလိုတဲ့ အသံတို့ကို ထုတ်ဖော်အကျိုးပြုရင်းနဲ့ အမိနိုင်ငံတော်ရဲ့ ထိရောက်သော ပညာရေးပြုပြင် ပြောင်းလဲမှုများကို

စွမ်းစွမ်းတမံဝေဖန်အကြံပြုနိုင်မည့် စည်းလုံးညီညွတ်သောအခြေခံပညာ အသင်းအဖွဲ့တစ်ခု မရှိမဖြစ်ဖွဲ့စည်းပေါ်ပေါက်ရန် လိုအပ်သည့် အခွင့်အခါကောင်းလည်းဖြစ်ကြောင်း တင်ပြလိုပါတယ်။ သို့ပါ၍အခြေခံပညာဆရာ၊ ဆရာမများအနေဖြင့် တည်ဆဲအခြေခံပညာဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များကိုပါ လေ့လာအကြံပြုသုံးသပ်ရင်းနဲ့ ပညာရေးကိုခေတ်နဲ့အညီ ဆန်းသစ်နေအောင် ပြုပြင်ပြောင်းလဲပေးနိုင်ရန် အကြံကောင်း ဉာဏ်ကောင်းများလည်း ဖော်ထုတ်အကြံပြုနိုင်ကြပါလိမ့်မယ်။ ဤသို့သော ရည်မှန်းချက်များဖြင့် ရှေးယခင်ပညာရေး သမိုင်းစဥ်မှာလည်းပဲရှိခဲ့ဖူးတဲ့ မြန်မာနိုင်ငံကျောင်းဆရာများ အသင်းချုပ်ကြီး (မကသခ)ကို ဖွဲ့စည်းဆောင်ရွက်ခွင့်ပေးခြင်းဖြင့် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်အတွက် ကြီးစွာသောရလဒ်ကောင်းများ ပေါ်ထွန်းလာနိုင်မှာ ဖြစ်ပါတယ်။ အဆိုပါ အသင်းကြီး ပေါ်ထွန်းလာမည်ဆိုရင် ကျောင်းဆရာတို့ရဲ့အသံ ကျောင်းဆရာတို့ရဲ့ ဆန္ဒကို ဒီအသင်းကြီးရဲ့ အသံတို့နဲ့ဆန္ဒဖြင့် ပေါ်ထွန်းလာမှာဖြစ်ပြီးတော့ ကျောင်းဆရာတို့ရဲ့ မျှော်လင့်ချက်တွေကိုလည်း ဒီအသင်းကြီးက ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးဝန်ကြီးဌာနမှာ ဆရာဝန်များအသင်း၊ ကျန်းမာရေးမှူးအသင်းနဲ့ သူနာပြု၊ သားဖွားစသည်တို့ကို အသင်းများဖွဲ့စည်းပြီး ကျန်းမာရေးဌာနရဲ့ ရည်မှန်းကြိုးပမ်းချက်များကို ဝိုင်းဝန်းလုပ်ဆောင်ကြိုးပမ်း အကောင်အထည်ဖော်ခွင့် ရနေကြပါပြီ။ မြန်မာနိုင်ငံ ကျောင်းဆရာများအသင်းချုပ်ကြီး အဖွဲ့အစည်းဖြစ်ထွန်းလာမည် ဆိုပါလျှင် အခြေခံပညာဆရာ၊ ဆရာမများအနေနဲ့ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးမှာ ဆထက်ထမ်းပိုးတိုးပြီး ကြိုးပမ်းဆောင်ရွက်နိုင်ကြလိမ့်မယ်လို့ ရိုးသားစွာ ယုံကြည်မျှော်လင့်နေမိပါတယ်။ သို့ပါ၍ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးမှာ အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်ကြရမယ့် အခြေခံပညာဆရာ၊ ဆရာမများ၏ အသံ၊ ဆရာ၊ ဆရာမများရဲ့ ဆန္ဒမျှော်လင့်ချက်များကို ဖော်ထုတ်အကျိုးပြုနိုင်မည့် "မြန်မာနိုင်ငံကျောင်းဆရာ၊ ကျောင်းဆရာမများအသင်းချုပ် (မကသခ)ဖွဲ့စည်းတည်ထောင် ခွင့်ပြုရန် အစီအစဥ် ရှိ/မရှိ" နဲ့ အစီအစဥ်ရှိပါလျှင် မည်သည့် ကာလလောက်တွင်စတင် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်းကို ဖြေကြားပေးနိုင်ပါရန်

ဥက္ကဋ္ဌကြီး မှတစ်ဆင့် အလေးအနက် တင်ပြပန်ကြား အပ်ပါတယ်ခင်ဗျား။ ကျေးဇူးများစွာ တင်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၂။**

**ဦးအေးကြူ (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။မြန်မာနိုင်ငံကျောင်းဆရာများအသင်းချုပ် ဖွဲ့စည်းရေးကိစ္စနှင့်ပတ်သက်၍ ပြန်လည်ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနတွင် ဦးစီးဌာန၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၊ ပြည်နယ်၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးများ၊ မြို့နယ်ပညာရေးမှူးရုံးများနှင့် ကျောင်းများ စသည်ဖြင့် စနစ်တကျ ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။ သက်ဆိုင်ရာအဆင့်လိုက်မှ ဆရာ၊ ဆရာမနှင့် ဝန်ထမ်းများအား လစဉ်သာမကဘဲ အခါအားလျော်စွာ တွေ့ဆုံပွဲများ၊ ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိပါတယ်။ ဒါ့အပြင် ဆရာ၊ ဆရာမများအနေဖြင့် ဗဟိုဝန်ထမ်းတက္ကသိုလ် ဖောင်ကြီးနှင့်ဇီးပင်ကြီးတို့မှာ ဖွင့်လှစ်တဲ့သင်တန်းများ တက်ရောက်သည့်အခါမှာလည်း တပေါင်းတည်း၊ တစည်းတည်း တွေ့ဆုံခွင့်ရရှိနေပါတယ်။ နှစ်စဉ် အခြေခံပညာနှင့်အဆင့်မြင့်ပညာကဏ္ဍရှိဆရာ၊ ဆရာမများသည် နေပြည်တော်ရေဆင်းမှာရှိတဲ့ စိုက်ပျိုးရေးတက္ကသိုလ်မှာ ဆောင်ရွက်လျက်ရှိတဲ့ ပညာရေး နှီးနှောဖလှယ်ပွဲများတွင်လည်း တွေ့ဆုံခွင့်ရရှိပါတယ်။ ထိုသို့ တွေ့ဆုံခွင့်ရရှိတဲ့ အချိန်တွင် ဆရာ၊ ဆရာမများ၏ လိုအပ်ချက်၊တင်ပြချက်များနဲ့ ပတ်သက်ပြီးတော့ တာဝန်ရှိသူ အဆင့်ဆင့်က ဖြေရှင်းဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒါ့အပြင် ဆရာ၊ ဆရာမများရဲ့ ရင်ဖွင့်တိုင်ကြားစာများ ကိုလည်း အလေးထား စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လောလောဆယ် အနေဖြင့် မြန်မာနိုင်ငံကျောင်းဆရာများ အသင်းချုပ်ကဲ့သို့သော အဖွဲ့အစည်း ထပ်မံဖွဲ့စည်းရန် မလိုအပ်သေးပါကြောင်း ပြန်လည်ဖြေကြား တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက အမည်စာရင်းတင် သွင်းထားပါတယ်။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၃။**

**ဦးရှုမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ဒီနေ့ဆွေးနွေးမယ့် အကြောင်းအရာကတော့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်း ဖြစ်ပါတယ်။ ကျွန်တော်တို့ အခုတင်သွင်းထားတဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို လေ့လာတဲ့အခါမှာ မြေလွတ်၊ မြေလပ်နဲ့ ပတ်သက်လို့ စီမံခန့်ခွဲမှု တင်ပြထားတဲ့ ပုဒ်မအဆင့်ဆင့်ကို ဘာမှ ကျွန်တော်တို့ဆွေးနွေးတင်ပြစရာမရှိဘဲနဲ့ အလေးအနက် ထောက်ခံလိုပါတယ်။ သို့သော် မြေရိုင်းနဲ့ပတ်သက်လို့ အဓိပ္ပာယ်ဖွင့်ဆိုချက် ကြီးကြပ်ကွပ်ကဲမှု၊ ခွင့်ပြုမိန့်စသည်အားဖြင့် အဆင့်ဆင့်ဆောင်ရွက်ချက်များနှင့်ပတ်သက်လို့ အနည်းငယ်တင်ပြဆွေးနွေးလိုပါတယ်။ အဲဒီတော့ မြေရိုင်းရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ သစ်တောများ ပေါက်ရောက်လျက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်ကြိမ်တစ်ခါမှ စိုက်ပျိုးလုပ်ကိုင်ခြင်း မရှိသော တောရိုင်းမြေ၊မြေသစ်ကို ဆိုသည်လို့ ကျွန်တော် ကောက်နုတ်တင်ပြလိုပါတယ်။ မြေရိုင်းနဲ့ပတ်သက်လို့ အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါမှာ သစ်တောရှိတဲ့နေရာသစ်ပင်ရှိတဲ့နေရာများ ပါဝင်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အမှန်အားဖြင့် ဒီဥပဒေကို ပြီးခဲ့တဲ့ အင်္ဂါနေ့က ဆွေးနွေးရမှာ ဖြစ်ပါတယ်။ အဲဒီနေ့က ကျွန်တော်တို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်တဲ့ ဥပဒေကိုလည်း ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။ ဒီပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေမှာ သဘာဝ အရင်းအမြစ်များဖြစ်တဲ့ သစ်တောသယံဇာတများကို ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ အကျိုးရှိစွာ အသုံးပြုခြင်း၊ စဉ်ဆက်မပြတ်အသုံးပြုခြင်း၊ ဒေသဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်းများ၊

မြှင့်တင်ခြင်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်လို့ ကျွန်တော်တို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေမှာ ပုဒ်မတစ်ပိုဒ်အနေနဲ့ ကျွန်တော်တို့ ဖော်ပြ ထားတာပါရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီမြေရိုင်းများနဲ့ပတ်သက်လို့ အသုံးပြုခွင့်ပြုတဲ့ နေရာမှာ ဝန်ကြီးဌာန(၂)ခု အကျေအလည် ညှိနှိုင်းဖို့လိုအပ်တယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းကလည်းပဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာ ဝန်ကြီးဌာန၊ ဝန်ကြီးအနေနဲ့ ကြိုးဝိုင်းများကို ယခုထက် တိုးမြှင့်ပြီးသတ်မှတ်ဖို့ ကြိုးပြင်တောများကို ကြိုးဝိုင်းတောများအဖြစ် သတ်မှတ်ဖို့ သစ်ပင်ရှိတဲ့နေရာသည် ကြိုးပြင်တော အပတောများ ဖြစ်နေပေမယ့် ဝန်ထမ်းမလုံလောက်တဲ့ အတွက်ကြောင့်လည်းကောင်း၊ လုံခြုံရေးအခြေအနေ မပေးတဲ့အတွက် ကြောင့်လည်းကောင်း ဒီနေရာတွေဟာ ကြိုးဝိုင်းအဖြစ်သတ်မှတ်နိုင်ခြင်း မရှိတဲ့အတွက်ကြောင့် သစ်တောသစ်ပင်များ တိုးတက်မှုများပြားရေးအတွက် ကြိုးဝိုင်းများတိုးချဲ့ ဆောင်ရွက်မယ်လို့ ပါရှိပါတယ်။ အဲဒီတော့ ဒီမြေလွတ်၊မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေမှာ ဒီသစ်တောများ သစ်တောပေါက်ရောက်လျက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေဆိုတဲ့အတွက် ဒီလုပ်ပိုင်ခွင့်ပြုတဲ့ နေရာမှာ အများကြီး ကျွန်တော်တို့ စဉ်းစားစရာရှိပါတယ်။ ကျွန်တော်တို့ ဘယ်ဥပဒေ၊ ဘယ်ပုဒ်မ၊ ဘယ်အပိုဒ်ကို ပြင်ဆင်မယ်လို့ ကျွန်တော်တို့ မဆွေးနွေးလိုသော်လည်း အခန်း(၂)ပုဒ်မ ၃မှာ ဗဟိုကော်မတီဖွဲ့စည်းခဲ့ပါတယ်။ဒီဗဟိုကော်မတီသည်မြေလွတ်၊မြေလပ်များ စီမံခန့်ခွဲရေးနဲ့ ပတ်သက်လို့ ပြည့်စုံလုံလောက်တယ်။ ကောင်းမွန်မှန်ကန်တယ်လို့ ကျွန်တော်တို့ ယူဆနိုင်ပါတယ်။ ယူဆပါတယ်၊ ထောက်လည်းထောက်ခံပါတယ်။ သို့သော် မြေရိုင်းများ စီမံခန့်ခွဲရေးနဲ့ ပတ်သက်လို့ဝန်ကြီးတစ်ဦးလည်း ပါရှိပါတယ်။ ကြေးတိုင်နဲ့မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူး ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဖြစ်စေချင်တာကတော့ ဒီထက်အဆင့်မြင့်တဲ့ပုဂ္ဂိုလ်များ ပါဝင်စေလိုပါတယ်။ ဒီထက်အဆင့်မြင့်တဲ့ ပုဂ္ဂိုလ်များကို ဗဟိုကော်မတီဥက္ကဋ္ဌအနေနဲ့ ဆောင်ရွက်စေလိုကြောင်းကို ကျွန်တော် ဆွေးနွေး တင်ပြလိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လွန်ခဲ့တဲ့ ၁၀ နှစ် ၁၉၉၀ ခု၊ ၂၀၀၀ ပြည့်နှစ်က စပြီးတော့ အခြေအနေများကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှု ဗဟိုအဖွဲ့ဆိုပြီး ကျွန်တော်တို့ရှိခဲ့ပါတယ်။ စီမံခန့်ခွဲရေး ဗဟိုအဖွဲ့အပြင် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကဝန်ကြီးရဲ့ ကြိုတင်ခွင့်ပြုမိန့်နဲ့ မြေလွတ်မြေရိုင်းများ လုပ်ကိုင်ခွင့်ပြုနိုင်လာတာကိုလည်း ကျွန်တော်တို့ တွေ့ရှိပါတယ်။ ၁၉၉၉-၂၀၀၀ ပြည့်နှစ်က

စပြီးတော့ မြေရိုင်းများကို နိုင်ငံတစ်ဝန်းမှာ ဖော်ထုတ်ပြီးတော့ လုပ်ငန်းများ ဆောင်ရွက်တဲ့ အခါမှာ အောင်မြင်တဲ့လုပ်ငန်းများ ရှိသလို မအောင်မြင်တဲ့ လုပ်ငန်းများလည်း တွေ့နိုင်ပါတယ်။ အထူးသဖြင့် တနင်္သာရီတိုင်းမှာရှိတဲ့ ဆီအုန်းစိုက်ပျိုးရေးကို ဘုတ်ပြင်း၊ ကော့သောင်းနယ်မြေမှာ ဧကသောင်း၊ သိန်းနဲ့ချီပြီး ကျွန်တော်တို့ လုပ်ကိုင်ခဲ့ပါတယ်။ တနင်္သာရီတိုင်း ဘုတ်ပြင်းနဲ့ ကော့သောင်းမြို့နယ်မှာလုပ်တဲ့ ဆီအုန်းစိုက်ပျိုးရေးသည် နိုင်ငံတော်အတွက် အင်မတန် အကျိုးရှိခဲ့တယ်။ ဒီနေရာကို ဘယ်သူကမှလည်း ကန့်ကွက်တာတို့ မရှိခဲ့ပါဘူး ၊ သို့သော် နိုင်ငံတကာက ဝေဖန်ပြောဆိုမှုများရှိခဲ့သော်လည်း ကိုယ့်နိုင်ငံ ကိုယ့်တိုင်းပြည် အကျိုးအတွက် လုပ်တဲ့အတွက် ကြောင့်မို့လို့ ဒီလုပ်ငန်းဟာအင်မတန် ကျွန်တော်တို့ အားပေးထောက်ခံရမယ့်လုပ်ငန်းဖြစ်ပါတယ်။ ဒီလုပ်ငန်းမှာ တာဝန်ယူတဲ့ ကုမ္ပဏီများကလည်းပဲ ယခုအချိန်မှာဆိုရင် ၇၅ ရာခိုင်နှုန်း ကနေ ရာခိုင်နှုန်းပြည့်လုပ်ကိုင်ပြီးစီးတယ်လို့ ကျွန်တော်တို့ စုံစမ်းသိရှိရပါတယ်။ တချို့ ဆီအုန်းများ၊ ဆီသီးများ ကျွန်တော်တို့ ခုတ်ယူဆွတ်ယူ စားသုံးလို့ ရနေပြီလို့ ကျွန်တော်တို့ သိရှိရပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ တခြားပြည်နယ် တိုင်းတွေမှာ လုပ်တဲ့မြေရိုင်းများဖော်ထုတ်တဲ့ နေရာမှာကျွန်တော်တို့အောင်မြင်မှုတွေအင်မတန်နည်းတာတွေ့ရှိပါတယ်။ဥပမာအားဖြင့်မကွေးတိုင်း ဧရာဝတီမြစ် အနောက်ဘက်ကမ်းမှာ ကျွန်တော်တို့ ကုမ္ပဏီတွေ၊ အသင်းအဖွဲ့တွေ ကျွန်တော်တို့ မြေရိုင်းများလုပ်ကိုင်ခွင့်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှ ဧက (၅၀၀၀၀)နီးပါး ဖော်ထုတ်တယ်လို့ကျွန်တော်တို့တွေ့ရှိပါတယ်။ဒီနေရာမှာဧ(က၅၀၀၀)ခန့် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိကြောင်း ၂၀၁၁ ခုနှစ်မှာ စစ်ဆေးတွေ့ရှိပါတယ်။ အဲဒီတော့ ဧက (၅၀၀၀၀)လောက် ခွင့်ပြုတဲ့ နေရာမှာ (၃၅၀၀၀)လောက် မလုပ်ဘူးဆိုလို့ရှိရင် ဖော်ထုတ်ထားတဲ့မြေရိုင်းများလုပ်ကိုင်မှု မှန်ကန်မှုမရှိဘူးဆိုတာသုံးသပ်တွေ့ရှိနိုင်ပါတယ်။အဲဒီနေရာမှာဖော်ပြတာတောင်သူများမှကျူးကျော် စိုက်ပျိုးတဲ့မြေဧက(၅၀၀၀)ရှိတယ်လို့ကျွန်တော်တို့ဖော်ပြပါတယ်။ အလားတူပဲမကွေးတိုင်းမှာပဲ ဝန်ကြီးဌာနရဲ့ ကြိုတင်ခွင့်ပြုချက်နဲ့တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကလုပ်ပိုင်ခွင့် ပြုထားတဲ့ မြေဧက(၁၃၈၀၀၀)ကျော် ကျွန်တော်တို့ ရှိပါတယ်။ ဒီဧက (၁၃၈၀၀၀)ကျော်မှာ စိုက်ပျိုး လုပ်ကိုင်နိုင်ခြင်းမရှိတဲ့ဧကသည် (၁၁၇၀၀၀)ကျော်ရှိတယ် လို့ ကျွန်တော်လေ့လာ သိရှိရပါတယ်။ ဒါကြောင့်မို့ ရာခိုင်နှုန်းအားဖြင့် ၁၅ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်းခန့်သာလုပ်နိုင်တာ တွေ့ရှိပါတယ်။ ဒီနေရာမှာလည်းပဲ တောင်သူများကျူးကျော်စိုက်ပျိုးတဲ့ ဧက (၆၀၀၀) ရှိတယ်လို့ (၅၉၆၆)ဧက ရှိတယ်လို့ ဖော်ပြပါရှိပါတယ်။ ဒါမြေရိုင်းများနဲ့ ပတ်သက်ပြီးတော့

ဖော်ထုတ်လုပ်ကိုင် ဆောင်ရွက်တဲ့နေရာမှာ အလားတူကချင်ပြည်နယ်မှာသော်လည်းကောင်း၊ ရှမ်းပြည်နယ်မှာသော်လည်းကောင်း၊ အခြားဒေသများမှာသော်လည်းကောင်း၊ ကျွန်တော်တို့ နေ့စဥ်နဲ့အမျှ ပြည်သူ လူထုများထံမှ ၎င်းတို့ လုပ်ကိုင်စိုက်ပျိုးနေတဲ့ နယ်မြေများ ပါဝင်သွား ကြောင်း ဒါကို ဖြေရှင်း ပေးပါလို့ ကျွန်တော်တို့ ပေးပို့တဲ့စာများလည်း အများအပြားကျွန်တော်တို့ ဖတ်ရှုလေ့လာရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီမြေရိုင်းများ စီမံခန့်ခွဲတဲ့ ဥပဒေနဲ့ ပတ်သက်လို့ ဒီဥပဒေသည် မြေလွတ်၊ မြေရိုင်း၊ မြေလပ်နဲ့ ပတ်သက်လို့တော့ ကျွန်တော်တို့ အထူးပြောစရာ မရှိပါဘူး။ သို့သော် မြေရိုင်းများ စီမံခန့်ခွဲမှုနှင့်ပတ်သက်ရင် ယခင်က လုပ်ခဲ့တဲ့ဥပဒေများနဲ့ ပတ်သက်၍ တိုးတက်ကောင်းမွန်လာတာ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒီနေရာမှာ ပြည်နယ်နှင့်တိုင်းဒေသကြီးရဲ့ လုပ်ပိုင်ခွင့်မပေးထားပါဘူး။ နောက်မြေရိုင်းများ အသုံးပြုခြင်းနဲ့ ပတ်သက်လို့ ကြီးကြပ်စစ်ဆေးတဲ့ နေရာမှာလည်းပဲ ကျွန်တော် အခန်း(၇) ပုဒ်မ ၁၈ မှာ အသုံးပြုခွင့်ရရှိတဲ့ ပုဂ္ဂိုလ်များဟာ စည်းကမ်းသတ်မှတ်ချက်များနဲ့အညီ လုပ်ငန်းများ ဆောင်ရွက်ခြင်း ရှိ/မရှိ ကို စစ်ဆေးရန် မြို့နယ်ဦးစီးမှူးအောက် မနိမ့်သော ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ အဖွဲ့ဖွဲ့စည်း၍ တာဝန်ပေးနိုင်သည်ဆိုပြီးတော့ ကျွန်တော်တို့ ဖော်ပြ ထားတာ တွေ့ရှိရပါတယ်။ အဲဒီတော့ ကြီးကြပ်ကွပ်ကဲမှုနဲ့ ပတ်သက်လို့လည်းပဲ အလွန် အရေးကြီးတယ်ဆိုတာကို ကျွန်တော်တို့ ပြီးခဲ့တဲ့လွန်ခဲ့တဲ့လုပ်ဆောင်ချက်များကို သာဓကယူပြီး လေ့လာတွေ့ရှိ နိုင်ပါတယ်။ ဒါကြောင့်မို့ ဒီမြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနဲ့ ပတ်သက်ရင် ဗဟိုကော်မတီ မှာလည်းပဲ ယခုထက် အဆင့်မြင့်တဲ့ပုဂ္ဂိုလ်တွေ ပါဝင်သင့်ပါတယ်။ သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးများလည်း ပါဝင်သင့်ပါတယ်။ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့သည် လည်းပဲ ယခုထက် အဆင့်မြင့်တဲ့ပုဂ္ဂိုလ်များ သေချာစနစ်တကျ စိစစ်ဖို့လိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန စသည်ဖြင့် ဆည်မြောင်းဦးစီးဌာန၊ ဌာနပေါင်းစုံရှိပါတယ်။ ပြည်သူလူထုကလည်းပဲ ဌာနအားလုံး ကို ချီးကျူးစကား၊ ကျေးဇူးတင်စကား ပြောနေကြပါတယ်။ သို့သော် ခုချိန်ခါမှာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက အလွန်သတိထားရမယ့် အခြေအနေရောက်နေပါတယ်။ အဲဒီတော့ မြေရိုင်းများ ဆိုတဲ့နေရာမှာ မြေရိုင်းမဟုတ်ဘဲနဲ့ တောင်သူလယ်သမားများ နှစ်စဥ် သို့မဟုတ် (၁)နှစ်ခြား သို့မဟုတ် (၂)နှစ်ခြား၊ အချို့နေရာမှာ(၁၀)နှစ်ခြားမှ တစ်ကြိမ်ပြန်လည် လာလုပ်ကိုင်တဲ့ မြေနေရာတွေပါဝင်ပါတယ်။ဒါကြောင့်မို့လို့စီစဥ်တဲ့နေရာမှာကျွန်တော်တို့အထူးအရေးကြီးပါတယ်။

ဒါကြောင့်မို့လို့ ဥပဒေရေးဆွဲတဲ့အခါမှာ ကျွန်တော် ဆွေးနွေးတဲ့အချက်များကို ပြန်လည် စဥ်းစား ပြီးတော့ ဆွေးနွေးသင့်ပါကြောင်း ကျွန်တော် တင်ပြလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀ း ၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀ း ၂၅။**

**ဦးသန်းဆွေ၊တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)။** ။အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) ကိုယ်စားလှယ်ဖြစ်လို့ ကျွန်တော်တို့ တနင်္သာရီတိုင်းအတွင်းမှာ ဖြစ်ပျက်နေတဲ့ ကိစ္စတွေနဲ့ပတ်သက်ပြီး တင်ပြဆွေးနွေး လိုခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလိုတင်ပြဆွေးနွေးတဲ့အခါမှာ မလွဲမရှောင်သာလို့ အင်္ဂလိပ်စကားလုံးသုံးရတာနဲ့ ပတ်သက်ပြီး ခွင့်ပြုဖို့ လျှောက်ထားလိုပါတယ်။ နောက်တစ်ဖန် အခုတင်ပြရခြင်းများရဲ့ သမိုင်းကြောင်းလေးကိုလည်း ကျွန်တော် ခြေဆင်း တင်ပြလိုပါတယ်။ ခုန ကျွန်တော့်ရှေ့မှ ကိုယ်စားလှယ်တော်ကြီးတင်ပြသလိုပဲ ၁၉၉၉၊ ၂၀၀၀ လောက်မှာ ကျွန်တော်တို့ အစိုးရက တနင်္သာရီတိုင်းကြီးကို ဆီအိုးကြီးဖြစ်ရမယ်ဆိုတဲ့ ကြွေးကြော်သံနဲ့ ဆီအုန်းများ စိုက်ခိုင်းပါတယ်။ အဲဒီလို စိုက်ခိုင်းတဲ့အခါမှာတော့ ကော့သောင်း၊ ဘုတ်ပြင်းပေါ့နော်။ ဒီတစ်ခုမှာ မြေလွတ်၊ မြေလပ်၊ တစ်ချို့လည်း မလွတ်လပ်ပါဘူး။ မြေရိုင်းတွေပေါ့၊ ဒါတွေကို ရန်ကုန်က ကုမ္ပဏီတော်တော်များများကို ထောင်နဲ့သောင်းနဲ့ချီပြီး ချပေးပါတယ်။ ယုဇနကုမ္ပဏီက ဦးစီးပြီးတော့ တခြားကုမ္ပဏီတော်တော်များများ လုပ်ကိုင်ခဲ့ပါတယ်။ ခုအခါမှာတော့ အသီးအပွင့် အကျိုးခံစားရပြီးတော့ ကျွန်တော်တို့ ဆီထွက်နေပါပြီ။ ဒီတုန်းကတော့ ပြဿနာ သိပ်မရှိပါဘူး။ ဒါပေမယ့် အဲဒီအချိန်မှာ ကော့သောင်း၊ ဘုတ်ပြင်းမှာစိုက်ပြီးတော့ ကျွန်တော်တို့ မြိတ်နဲ့ ထားဝယ်ခရိုင်မှာကတော့ သိပ်မစိုက်ကြတာက အကြောင်းရှိပါတယ်။ ဒီဆီအုန်း စိုက်တယ်ဆိုတာ သူ့စိုက်ပျိုးရေး ကျွန်တော်တို့လည်း စိုက်ပျိုးရေးပညာရှင်တော့ မဟုတ်ပါဘူး။ ဖတ်ရပြုရတာက ဒီ Equtorial Climate လို့ခေါ်တဲ့ အီကွေတာနဲ့နီးတဲ့ဒေသက နေရာတွေမှာပဲ သူက ဖြစ်ထွန်းပါတယ်။ ဆိုပါတော့ ခုမလေးရှားက ၁၀၀ ရာခိုင်နှုန်း ဖြစ်ထွန်းနေရင် ကျွန်တော်တို့

ဘုတ်ပြင်း၊ ကော့သောင်းလောက်မှာ ၉၀ ရာခိုင်နှုန်းပဲ အောင်မြင်ပါတယ်။ ထွက်မှာပါ။ ထို့အတူပဲ မြိတ်ခရိုင်ကျတော့ ၈၀ ရာခိုင်နှုန်းလောက် ဖြစ်ပြီးတော့ ကျွန်တော်တို့ ထားဝယ်ခရိုင်မှာကတော့ ၇၀ရာခိုင်နှုန်းလောက်ပဲ ဖြစ်ထွန်းအောင်မြင်တဲ့ သီးနှံထွက်ဖို့ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို မစိုက်ခဲ့ပါဘူး။ဒါပေမယ့် ၂၀၀၀ ခုနှစ် နောက်ပိုင်းမှာ နိုင်ငံတော်အစိုးရက ရန်ကုန်မှာ အခြား အောင်မြင်နေတဲ့ အခြားစီးပွားရေးကုမ္ပဏီကြီးတွေ ကိုလည်း ဆင်းပြီးတော့ ဒီဆီအုန်းစိုက်ပေးဖို့ သူတို့မေတ္တာရပ်ခံခဲ့ပါတယ်။ ကျွန်တော်တို့ ဒေသခံတွေကလည်း တိုက်တွန်းနှိုးဆော်ခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့လည်း စိုက်ခဲ့ပါတယ်။ ကျွန်တော်တို့ စိုက်တာကတော့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတော့ မဟုတ်ပါဘူး။ အဲဒီတော့ ကျွန်တော်တို့ ယခုအခါအကျိုးခံစားနေရလို့ နိုင်ငံတော် အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ခရိုင်မှာကျတော့ အဲဒီလို အစိုးရက မစိုက်ခင်ကတည်းက ဒေသခံတောနေ၊ တောင်သားလူများဟာ သူတို့ တစ်နိုင်တစ်ပိုင် လေးတွေ ဧက(၁၀)၊ (၂၀)(၅၀)အထိပေါ့ သူတို့ရာဘာတို့ဆီအုန်းတို့ သီဟိုဠ်တို့ စိုက်ကြပါတယ်။ စိုက်ပြီးတော့မှ ဒီသက်ဆိုင်ရာဌာနတွေကို လျှောက်ထားလို့ သက်ဆိုင်ရာကလည်း လာပြီး မြေတိုင်းပြီးတော့ သူတို့ကို အခွန်ဆောင်ခွင့်မြေယာဖြတ်ပိုင်းပေါ့နော်။ ဒါတွေလည်း သူတို့ ထွက်နေပါပြီ၊ ပေးနေရပါပြီ၊ ဆောင်နေရပါပြီ။ ဒါပေမယ့် ခုနလို နိုင်ငံတော်အစိုးရက တိုက်တွန်း လို့ ဆင်းလာကြတဲ့ကုမ္ပဏီတော်တော် များများဟာ ဒီဧက (၅၀၀၀)နဲ့ (၁၀၀၀၀) ပတ်ဝန်းကျင်မှာ သူတို့လုပ်ကိုင်ခွင့်ရကြပါတယ်။ ဒါပေမယ့် သူတို့က အစိုးရတိုက်တွန်းလို့သာ ဆင်းလာတယ်။ နဂိုသူတို့စိုက်ချင်တဲ့ Invest ပေါ့နော်၊ နောက်ထပ် ဒီအရင်းအနှီးသွင်းချင်တဲ့ ဆန္ဒမရှိပါဘူး။ အဲဒီတော့ သူတို့ ဆင်းလာပြီးတော့ ဧက (၅၀၀၀)၊ (၁၀၀၀၀)ယူကြတယ်။ ယူပြီး အပိုမြေဧက (၁၀၀)၊(၂၀၀)လောက်တော့ သူတို့စိုက်ပါတယ်။ စိုက်ပြီးတော့ စိုက်ပျိုးရေးဆိုတာလည်း အမြဲတမ်း ဂရုစိုက်နေရတော့ သူတို့က စိုက်ခဲ့ပြီး ပစ်ခဲ့တဲ့အခါမှာ ကျွန်တော်တို့ဧက (၂၀၀)လောက် စိုက်တာကလည်း(၁၀၀)လောက် အောင်မြင်ရင် အနိုင်နိုင်ပေါ့လေ။ အဲဒီလို ကျန်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ သူတို့ကို ပေးလိုက်တဲ့ မြေထဲမှာ ယခင်ထဲက စိုက်နေတဲ့တောင်သူတွေရဲ့ စိုက်ခင်းတွေ ပျိုးခင်းတွေပါပါတယ်။ ထို့အတူပဲ သူတို့ပစ်ခဲ့တဲ့ သူတို့ပိုင်ဆိုင်ပြီးသားပေးတဲ့ မြေရိုင်းထဲမှာလည်း နောက်ထပ်အဲဒီတောင်သူတွေက စိုက်ကြလို့ သက်ဆိုင်ရာ မြေစာရင်းဌာန ကနေပြီးလည်း အခွန်တွေ၊ဘာတွေကောက်ပြီးတော့ မြေအခွန်အခ စာရွက်စာတမ်းများလည်း ထုတ်ပေးပြီးပါပြီ။ ဒါပေမယ့် အခုအဲဒီလူတွေက တချို့လည်းမြေဧက (၂၀)လောက်လုပ်ခဲ့တဲ့

နှစ်(၁၀)၊ (၁၅)နှစ်ပေါ့နော်။ အဲလောက်ရှိလာတဲ့အခါမှာ သူတို့စိုက်တဲ့ ဆီအုန်းတော့ မဟုတ်ပါဘူး။ ရာဘာ၊သီဟိုဠ်တို့ဟာ အောင်မြင်ဖြစ်ထွန်းပြီး သူတို့အကျိုးခံစားနေရပါပြီ။ ဒါပေမယ့် အခုဖြစ်လာတာက ထားဝယ်၊ နဘုလယ်၊ ရေနက်ဆိပ်ကမ်းစီမံကိန်းကြောင့် ခုနက ကျွန်တော်တို့မြေတွေဟာ ကျွန်တော်တို့ခရိုင်မှာ အဆမတန်တန်ဖိုးတွေ မြင့်လာတော့ ခုနက ရန်ကုန်က ဒီကုမ္ပဏီတွေဟာ သူတို့ရခဲ့တဲ့ မြေတွေဈေးတက်လာလို့ ဆင်းလာကြပြီးတော့ ဒါငါ့မြေဆိုတဲ့အနေနဲ့ သူတို့ပိုင်ဆိုင်မှုကိုလိုက်ဖော်ထုတ်ပါတယ်။ဖော်ထုတ်တော့သူတို့အထဲမှာကျွန်တော်တို့ ခုနက ဓါးမဦးချလုပ်ကိုင်ခဲ့တဲ့ တောင်သူတွေ၊ မြေခွန်ဖြတ်ပိုင်းဆောင်နေလျှက်သားနဲ့လည်း အဲဒီမှာ ပါလာပြီးတော့ သူတို့ခုအခါမှာ သူတို့မှာရှိတဲ့ ဘူဒိုဆာတွေဘာတွေနဲ့ အားလုံးထိုးဖျက်ဆီးပြီးတော့ သူတို့ ပိုင်ဆိုင်မှုကို ပြပါတယ်။ အဲဒီတော့ အခုအခါမှာ ဒီတောင်သူတွေဟာ ဆိုင်ရာကိုတိုင်တော့လည်း ဘာမှအရေးမယူတော့ ဒီမြေလွတ်၊ မြေရိုင်းစီမံခန့်ခွဲရေး ဥပဒေကြမ်းကြီးဟာ ဥပဒေကြမ်းဘဝမှာပဲ ရှိသေးတော့ ဒါကြီးမထွက်လာခင်ကို သူတို့က အခုအကျိုးဆုတ်ယုတ်နေပါပြီ။ သူတို့ဟာ သူတို့ပိုင်ဆိုင်မှုတွေ ပျက်စီးခြင်းရောက်နေတော့ အဲဒီတော့ သူတို့အနေနဲ့ ဒီကုမ္ပဏီက ခုပြောတဲ့အခါမှာလည်း သူတို့ဘယ်လောက်ဘယ်ရွေ့ပိုင်တယ်ဆိုတာလည်း သူတို့မပြနိုင်ပါဘူး။သွားပြောရင်လည်း သူတို့ဂရုမစိုက်ဘူး။အဲဒီတော့ ဒီလူတွေနဲ့မပြောနိုင်ခင်ကို သူတို့မြေတွေဟာ စိုက်ပြီးသားနေရာတွေဟာ ပျက်စီးခြင်း ရောက်နေတဲ့အတွက် နိုင်ငံအတွက်လည်း အများကြီးနစ်နာပါတယ်။ ဒီလိုနစ်နာဆုံးရှုံးရတဲ့အတွက် ဒီလူတွေမှာ အချိန်၊ ရင်းနှီးထားတဲ့ငွေ၊ လုပ်အား အားလုံးဟာ အစားထိုးလို့လည်း မရနိုင်ပါဘူးခင်ဗျား။ ဒါကြောင့် အခု ဒီဥပဒေကြမ်းကြီးကို ကျွန်တော်တို့ ဆွေးနွေးတာက ဒီဥပဒေကြမ်းကြီး ဆွဲထားတာကလည်း အင်မတန်မှကောင်းပါတယ်။ ဒါပေမယ့် တချို့နေရာလေးတွေမှာ ခုနက ကိုယ်စားလှယ်တော်ကြီး ပြောသွားသလို လိုအပ်ချက်ကလေးတွေ ရှိပါတယ်။ အဲဒီလိုရှိတဲ့အတွက် နည်းနည်းပေါ့လေ။ ပြင်ဆင်လို့ရရင် အချိန်မီပြင်ဆင်နိုင်ဖို့ ကျွန်တော်က ခုလိုဆွေးနွေးခြင်းဖြစ်ပါတယ်။ ဥပမာဆိုပါတော့ ကျွန်တော်တို့ အခန်း(၇) ပုဒ်မ ၂၂(ဂ)မှာ ဘယ်လိုဆိုထားလည်းဆိုရင် မူလခွင့်ပြုကာလထက်ကျော်လွန်သည်အထိဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်းမရှိသေးသောမြေလွတ်၊မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်က ပြန်လည်သိမ်းယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်၍ အဲဒီအတွက်ကြောင့်တော့ ကျွန်တော်တို့ အဲဒီခုနက ကုမ္ပဏီတွေက ဧက(၅၀၀၀)ရသော်လည်း မြေဧက(၂၀၀)လောက်သာ စိုက်ထားတော့ ကျန်တဲ့ (၄၈၀၀)ဟာ ပြန်လည်သိမ်းယူပြီး

ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်၍ ဖြစ်ပြီးဆိုတာကတော့ မှန်ပါတယ်။ ဒါပေမယ့် လက်ရှိ အခြေအနေမှာတော့ သူတို့က ခုန ကျွန်တော်တို့ တင်ပြသလို လုပ်နေတဲ့အတွက် ဒီအပိုဒ်ကိုဖြစ်ရင် ကျွန်တော်တို့ခုဥပဒေကြမ်းကော်မတီကနေပြီးတော့၂၂ (ဂ)ကို ရှင်းရှင်းလင်းလင်းနဲ့အဓိပ္ပာယ်ပေါ်ရန် ပြင်ဆင်ပေးပါမည် အကြောင်းလည်း ကျွန်တော်တို့ တင်ပြလိုပါတယ်။ နောက်တစ်စားကတော့ ကျွန်တော်တို့ဆီမှာ ကိုယ်တိုင်ပဲ ဧကထောင်ချီပြီးတော့ လုပ်ကိုင်ခွင့်ရတယ်။ ရတဲ့အတွက်လည်း တကယ်တမ်းစိုက်ပျိုးလုပ်ကိုင်ခဲ့တယ်။ ဧက ၂၀၀၊ ၃၀၀၊ ၇၀၀ စသည်ဖြင့်ပေါ့နော်။ ဒါပေမယ့် ကျန်တဲ့ဟာတွေတော့ မလုပ်နိုင်သေးဘူး။ အဲဒီတော့ အဲလို မြေမျိုးကျတော့လည်း ခုနက အခန်း (၇) ပုဒ်မ ၁၉(ခ)မှာ နိုင်ငံတော်အကျိုးငှာ အခြေခံအဆောက်အဦ စီမံကိန်းလုပ်ငန်းသို့မဟုတ် အထူးစီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန်လိုအပ်ခြင်း လိုအပ်ပါကပြန်လည်သိမ်းယူပိုင်ခွင့်ရှိတယ်။ အဲဒါကို ဖော်ထားပါတယ်။ အဲဒီတော့ ခုန ကျွန်တော်ပြောတဲ့ ဒီနဘုလယ် ရေနက်ဆိပ်ကမ်း ကြောင့် ကျွန်တော်တို့ လမ်းတွေ၊ မီးရထားလမ်းတွေ၊ လူသွားလမ်းတွေ ဖောက်လုပ်မယ်ဆိုတော့ အဲဒါနဲ့ လိုအပ်ချက်နဲ့ တချို့မျှားခြံတွေ သိမ်းထားတာကိုလည်း ပြန်သိမ်းယူပါမည်။ အဲဒီတော့ သိမ်းယူတဲ့အခါမှာ ခုနရှေ့က ကိုယ်စားလှယ်ကြီးပြောသွားသလို လက်ရှိတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို သိမ်းယူခွင့်မပြုပါဘူးဆိုသော်ငြားလည်း လက်ရှိက သူတို့က ဦးဆောင်ပြီး သိမ်းယူမယ်ပေါ့လေ ။ အဲဒီတော့ အဲဒီလို သိမ်းယူတဲ့အခါမှာ သူတို့ကအထက်ကိုတင်ပြီး နိုင်ငံတော်သမ္မတက သိမ်းခိုင်းတယ်လို့ ပြောပါတယ်။ အဲဒီတော့ ဒီလိုစီမံကိန်းအတွက် သိမ်းတာတော့သိမ်းပါ။ ဒါပေမယ့် သူတို့သိမ်းတာက ဧက၂၀၀၀ လောက်ရှိတဲ့ခြံမှာ ဒီမီးရထားလမ်းတို့ လူသွားလမ်းတို့ လုပ်မယ့်ဧကပေါင်းဟာ ၂၀၀/၃၀၀ ထက်မပိုပါဘူး။ နောက်လုပ်မယ့်လမ်းရဲ့ တစ်ဘက်တစ်ချက်မြေတွေဆိုတာလည်း လက်ခံပါတယ်။ ဒါပေမယ့် သူက တစ်ခြံလုံး သိမ်းပစ်ပါတယ်။ အဲဒီတော့ အခုလက်ငင်း လုပ်နေကိုင်နေတဲ့ လူတွေက ဧက (၇၀၀)လောက်ထိ လုပ်ထားတယ်ဆိုတော့ သူတို့ရဲ့လုပ်ခဲ့တဲ့အချိန်၊ ရင်းနှီးခဲ့တဲ့အရင်းအနှီး ဒီပမာဏတွေကို တွက်ရင် သူတို့ကနစ်နာပါတယ်။ တကယ်လို့ လျော်ကြေးပေးမယ်ဆိုရင်တောင် ကျန်တဲ့ဟာတွေက အစားမရနိုင်ပါဘူး။ အဲဒီတော့ ဒီနစ်နာနေတဲ့လူတွေအတွက်လည်း ဒီဥပဒေကြမ်းမှာ ရှင်းရှင်းလင်းလင်းဖော်ပြပေးဖို့ ပုဒ်မ ၁၉ (ခ)မှာ နိုင်ငံတော် အကျိုးငှာ အခြေခံအဆောက်အဦ စီမံကိန်းလုပ်ဖို့ အထူးစီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန်အလို့ငှာ ပြန်လည်ရယူလိုအပ်သည့် မြေဧရိယာကို ပြန်လည်ရယူပိုင်ခွင့်ရှိသည်ဆိုသော်လည်း အဲဒီပုဒ်မ အခန်း(၇) ပုဒ်မ ၁၉(ခ)မှာ

လိုအပ်သော မြေနှင့်ဂရင်းမြေနှင့် မလွတ်လပ်သော၊ မလွတ်ကင်းသော မြေများကိုသာ ဆက်လက် သိမ်းယူဖို့၊ အဲဒါကိုရှင်းရှင်း လင်းလင်း ဖော်ပြပေးဖို့လိုပါတယ်လို့ ကျွန်တော် ဆွေးနွေးတင်ပြခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၈။**

**ဦးသိန်းဝင်း စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော်ကတော့ဒီဥပဒေပါပုဒ်မများ ပုဒ်မ ၆ ခုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ပထမဦးဆုံး ဦးရှုမောင်ဆွေးနွေးသွားတဲ့ ပုဒ်မ ၂(စ) မြေရိုင်းဆိုတဲ့အထဲမှာ ယင်းစကားရပ်တွင် စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန်အလို့ငှာ တရားဝင် ပယ်ဖျက်သည့် စားကျက်မြေ၊ အင်းအိုင်မြေများပါဝင်သည့် ကြိုးဝိုင်းသစ်တောဆိုတဲ့ စကားရပ်ကို ပယ်ဖျက်ပေးဖို့ဖြစ်ပါတယ်။ ရှေ့ကလည်း ဦးရှုမောင် လည်း ဒီကိစ္စနဲ့ပတ်သက်လို့ ဆွေးနွေးသွားပြီး ဖြစ်ပါတယ်။ နောက်ပုဒ်မ ၄ (ဃ)မှာ အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ ဖော်ထုတ်တဲ့ ရည်ရွယ်ချက်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွေကို လုပ်မယ်လို့ပြော ထားတဲ့အတွက် ဒီစကားရပ်သည် မလိုအပ်ဘူးဟု ယူဆပါတယ်။ ဒီဟာနဲ့ပတ်သက်လို့ အခြားသော ဥပဒေများမှာလည်း လိုအပ်မယ်ဆိုလို့ရှိရင် နိုင်ငံတော်အစိုးရက လုပ်ပိုင်ခွင့်ရှိတဲ့ အတွက် ဒီစကားရပ်ဟာ ထည့်သွင်းရန် မလိုအပ်ပါဘူးလို့ ကျွန်တော်ယူဆပါတယ်။ နောက်ပုဒ်မ ၆(ခ)ဓာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ဖြစ်ပါက အဲဒီဓာတ်သတ္တုလုပ်ငန်းထုတ်လုပ်တဲ့ ဥပဒေမှာ ပုဒ်မ ၆ (ခ)မှာ ဓာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းအတွက်ဖြစ်ပါက သတ္တုတွင်း ဝန်ကြီးဌာနမှလည်းကောင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ(ဂ) ပါ အခြားလုပ်ငန်းအတွက်ဖြစ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာနမှလည်းကောင်း သဘောထား တောင်းခံရမည်ဆိုပြီးတော့မှ ဖော်ပြထားပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ ခုန ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ)ကို ပယ်ဖျက်လိုက် တဲ့အတွက်ကြောင့် ဒီစကားရပ်ဟာ မလိုတော့ပါဘူး။ ဒီနေရာမှာ သတ္တုတွင်းလုပ်ငန်း လုပ်တဲ့အခါမှာ သတ္တုတွင်း လုပ်ငန်းကနေပြီးတော့ စည်းကမ်းချက်တွေနဲ့ မြေစည်းကမ်းချက်တွေနဲ့ တချို့သည် များစွာကွဲလွဲ နိုင်တဲ့အတွက် ဒီစကားလုံးကို ဤကဲ့သို့အစားထိုးဖို့ တင်ပြလိုက်ပါတယ်။ ပုဒ်မ ၆ (ခ)ဓာတ်သတ္တု ထုတ်လုပ်ခြင်းလုပ်ငန်း အတွက်ဖြစ်ပါက ပုဒ်မ ၁၃၊ ၁၄တို့အရ သတ်မှတ်ထားသော အာမခံကြေး နှင့်မြေခွန်များကို ပေးသွင်းစေပြီး သတ္တုတွင်းဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရမည်။ ဒီမြေရဲ့ မြေခွန်တွေကို ကောက်ခံပြီးတဲ့အချိန်မှာ သတ္တုတွင်းဝန်ကြီးဌာနက စီမံခန့်ခွဲနိုင်အောင် ပေးအပ် ရမည်ဟု ကျွန်တော်တို့ ပြုပြင်ထားပါတယ်။ နောက်ပုဒ်မ ၁၆ (ခ)မှာ သတ်မှတ်ထားသော ကာလအတွင်း သတ်မှတ်ချိန်အတိုင်းလုပ်ငန်းပြီးစီးသည်အထိ အကောင်အထည်ဖော် ဆောင်ရွက် ရမည်ဆိုပြီးတော့မှ ဖော်ပြထားပါတယ်။ မနေ့ကဥပဒေကြမ်းကော်မတီကတော့ (၃)နှစ်ဆိုတဲ့ စကားရပ်ကိုအစားထိုးသွားပါတယ်။ အဲဒီတော့ ခုမြန်မာနိုင်ငံတော်မှာ ဖြစ်ပျက်နေတဲ့အခြေအနေ များအရ ရှေ့က ဦးရှုမောင် လည်းတင်ပြသွားပါတယ်။ (၃)နှစ်ဆိုတဲ့ စကားရပ်ဟာလည်း တချို့လုပ်ငန်းတွေမှာမလုံလောက်ပါဘူး။ တချို့ကုမ္ပဏီကြီးများသည်လည်း လောဘကြီးပြီးတော့ မှ နောက်မြေကို နောင်လာလို့ရှိရင် အဖိုးတန်ချေရဲ့လို့ ယူထားတဲ့ကုမ္ပဏီမျိုးတွေလည်း ရှိတဲ့အတွက် ဒီဟာကို ကျွန်တော်တို့က သတ်သတ်မှတ်မှတ် စကားရပ်တစ်ခု ထည့်သွင်းပေးရင် ကောင်းမယ်ဆိုပြီးတော့မှ ကျွန်တော်အောက်ပါအတိုင်း ပြုပြင်ဖို့ အကြံပြုအပ်ပါတယ်။ ပုဒ်မ ၁၆(ခ) စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါက ခွင့်ပြုချက်ရယူထားသော မြေဧက (၄၀)ရာခိုင်နှုန်းကို ပထမနှစ် တွင် ဆောင်ရွက်ပြီး ကျန်ဧကများမှာ (၁၅) ရာခိုင်နှုန်းကို နှစ်စဥ်အကောင်အထည် ဖော်ဆောင်ရွက် ရမည်။ မွေးမြူရေးလုပ်ငန်းဖြစ်ပါက ခွင့်ပြုချက်ရယူထားသော မြေဧက၏ (၅၀%)ကို ပထမနှစ်တွင် ဆောင်ရွက်ပြီး ကျန်ဧကများ၏ (၁၀) ရာခိုင်နှုန်းကို နှစ်စဥ် အကောင်အထည်ဖော် ဆောင်ရွက်ရမည် ။ အကောင်အထည်ဖော် ဆောင်ရွက်မှုလုပ်ငန်း ကုန်ကျစရိတ်စာရင်း တင်ပြစေရမည်။ ဒါကိုထည့်ထားသင့်သည်။ ပုဒ်မ ၂၀ မှာ ပြန်လည် သိမ်းယူတဲ့အခါ လျော်ကြေးပေးဖို့အတွက်နိုင်ငံတော်အစိုးရက စဥ်းစားနိုင်အောင် မူလကတည်းက ဒီစကားစုလေးကို ထည့်သွင်းခြင်း ဖြစ်ပါတယ်။ နောက် ပုဒ်မ၁၆(င)မှာ မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် နှင့်စပ်လျဥ်း၍ ဗဟိုကော်မတီကအခါအားလျော်စွာ သတ်မှတ်သော စည်းကမ်းချက်များကို လိုက်နာရမည်။ အဲဒီနေရာမှာ အခါအားလျော်စွာဆိုတဲ့

စကားလုံးသည် စည်းနှောင်မှုအားနည်း တယ်လို့ ယူဆတဲ့အတွက် ဒီစကားလုံးကို ဖျက်ပြီးတော့မှ ကော်မတီကသတ်မှတ်သော စည်းကမ်းချက်များကို လိုက်နာရမည်ဆိုပြီးတော့မှ ပြုပြင်ဖို့အကြံပြု ထားပါတယ်။ နောက်ပုဒ်မ ၁၈၊ မူလဥပဒေမှာကတော့ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက သတ်မှတ်ထားသော စည်းကမ်းချက် များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ခြင်း ရှိ/မရှိ ကို စစ်ဆေးရန် မြို့နယ်ဦးစီးမှူးအောက် မနိမ့်သော ပုဂ္ဂိုလ်တစ်ဦးဦးအား ဖြစ်စေ၊ အဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ၊ တာဝန်ပေးအပ်နိုင်သည်။ ဒီနေရာမှာ လုပ်ငန်းသည် အင်မတန် နိုင်ငံတော်အတွက် အရေးကြီးတဲ့လုပ်ငန်းဖြစ်တဲ့အတွက် မြို့နယ်ဦးစီးမှူးကို အမြဲတမ်းပုံသေ တာဝန်ပေးအပ်မယ်ဆိုရင် လုပ်ငန်းထိရောက်မှုမရှိနိုင်ပါဘူး။ မရှိနိုင်တဲ့အတွက်သီးသန့်အဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးပေးဖို့၊ ကျွန်တော် ဥပဒေကိုပြင်ဆင်ဖို့ အကြံပြုတင်ပြပါတယ်။ ပုဒ်မ ၁၈ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့်ရရှိသူက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းရှိ/မရှိကို အခါအားလျော်စွာ ဖွဲ့စည်းတာဝန်ပေးအပ်သည့်အဖွဲ့ဖြင့် စစ်ဆေး ရန်တာဝန်ပေးအပ်နိုင်သည်။ ပုံသေမဟုတ်ဘဲနဲ့ ပြောင်းလဲပြီးတော့မှ အမြဲတမ်းစစ်ဆေးသွား နိုင်အောင် ဖြစ်ပါတယ်။ ပုဒ်မ ၁၉ (ဃ)တွင် ရှေ့က ပယ်ဖျက်ဖို့ တင်ပြထားပြီးဖြစ်တဲ့အတွက် ကြောင့် ပယ်ဖျက်ရန် အဆိုပြု ထားပါတယ်။ ပုဒ်မ၂၂(ဂ)မှာ ခုန ကိုယ်စားလှယ်တော်ကြီး ဦးသန်းဆွေလည်း တင်ပြသွားပါပြီ၊ ဒီဟာနဲ့ ပတ်သက်လို့ ကျွန်တော်ပြုပြင်ဖို့ အစားထိုးသုံးစွဲဖို့ ကျွန်တော်အကြံပြုထား ပါတယ်။ ပုဒ်မ ၂၂(ဂ) မူလခွင့်ပြုကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်း မရှိသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်က သိမ်းယူပြီး သိမ်းယူကြောင်း အမိန့်ထုတ်ပြန် ရမည်။ ကျေနပ်မှု မရှိပါက ရက်ပေါင်း (၃၀)အတွင်း ဗဟိုကော်မတီသို့ အယူခံတင်သွင်းနိုင်သည် ဆိုပြီးတော့မှ ကျွန်တော်ပြုပြင်ဖို့ အကြံပြုထား ပါတယ်။ ကျွန်တော် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဥပဒေနဲ့ပတ်သက်လို့ ပုဒ်မ (၆)ခု ပြုပြင်ဖို့ အကြံပြုတင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော် ကိုယ်စားလှယ် (၃)ဦးရဲ့ ဆွေးနွေးချက်နှင့်ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီးပေးပို့လာသော ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များ အပေါ် ဥပဒေကြမ်းကော်မတီ၏ ပြန်လည်စိစစ်တင်ပြချက် အစီရင်ခံစာကို ပြန်လည် ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးသန်းမြင့် က ဖတ်ကြားရှင်းလင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဝန်ကြီးများ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော်အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန် ပေးချက်အရ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ကျွန်တော် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်အပေါ်မှာ ပြန်လည်စိစစ်ပြီးတော့ တင်ပြချက်အစီရင်ခံစာကို ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်နှင့် ပေးပို့လာသော ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ အကြံပြုချက်များအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြန်လည်စိစစ်တင်ပြချက် အစီရင်ခံစာ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက် နိဒါန်း အပိုဒ်(၁) ပြည်သူ့လွှတ်တော်၏ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် ရက်စွဲပါစာဖြင့် ပြည်သူလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၆၀နှင့် အညီ ပေးပို့လာသည့် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ခွင့်ဆိုင်ရာ ဥပဒေကြမ်းကို ကော်မတီ၏ လေ့လာ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကို ၂၀၁၁ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့မှာ ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းဝေး ၃၅ ရက်မြောက် နေ့မှာ အစီရင်ခံစာ ဖတ်ကြားတင်သွင်းခဲ့ပါတယ်။ အစီရင်ခံစာအပေါ် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၉)ရက်မြောက်နေ့မှာ လွှတ်တော်ကိုယ်စားလှယ် (၃)ဦးဖြစ်တဲ့ ရခိုင်ပြည်နယ်က ဦးအုန်းတင်၊ ဧရာဝတီတိုင်းက ဦးခင်မောင်ရီ၊ မကွေးတိုင်းက ဦးလှဆွေ တို့ (၃)ဦးက အကြံပြု ဆွေးနွေးခဲ့ကြပါတယ်။ ယင်းအကြံပြုဆွေးနွေးချက်များကို လွှတ်တော်ကတာဝန်ပေးချက်အရ ဝန်ကြီးဌာနမှ တာဝန်ရှိသူများကို ဖိတ်ကြား၍ ထပ်မံကြားနာ လေ့လာစိစစ်၍ အစီရင်ခံ တင်ပြအပ်ပါတယ်။ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်များ အပိုဒ် ၂ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များကို လေ့လာစိစစ်ခဲ့ရာ အောက်ပါ အတိုင်းတွေ့ရှိရပါသည်။

(က) ဦးအုန်းတင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ ဆွေးနွေးချက်နှင့် စပ်လျဉ်း၍ အပိုဒ် ၁ အခန်း (၃) ပုဒ်မ ၄ ပါခွင့်ပြုမိန့် လျှောက်ထားရာတွင် (၇)ရက်ကြိုတင် တင်ပြရမည်ဟူသည့် ပြဋ္ဌာန်းချက်တွင် (၇)ရက်အစား (၃)ရက်ဟု ပြင်ဆင်ဆွေးနွေးချက် အပေါ်မှာ ညှိနှိုင်းပြီး (၇)ရက်အစား (၅)ရက်ဟု ဥပဒေကြမ်းကော်မတီနှင့် ညှိနှိုင်းပြီး ပြင်ဆင် သဘောတူညီမှု ရယူခဲ့ပါတယ်။ အပိုဒ် ၂ အခန်း(၄) ပုဒ်မ ၅ ပါ ခွင့်ပြုမိန့် ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း ရှေ့တွင် ခိုင်လုံသော အကြောင်းပြချက် ထည့်ပေးရန်၊ ဆွေးနွေးချက်အပေါ်မှာ ဦးအုန်းတင် နှင့် ညှိနှိုင်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်သည့်အတိုင်း ထားရှိရန် သဘော တူညီမှုရယူခဲ့ပါတယ်။ အပိုဒ် (၃)၊ အခန်း(၄)၊ ပုဒ်မ ၇ တွင် ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်းတို့ကို ပုဒ်မခွဲ(က) နှင့် (ခ)အဖြစ် ပြဋ္ဌာန်းခဲ့ခြင်းကို ပုဒ်မခွဲမထားဘဲ တစ်ပိုဒ်တည်း

ရေးသားရန် ဆွေးနွေးချက်အပေါ်မှာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီနှင့် ညှိနှိုင်းပြီး အကြောင်းအရာခြင်း မတူညီ၍ မူလအတိုင်း ထားရှိရန် သဘောတူညီမှု ရရှိခဲ့ပါတယ်။ အပိုဒ် ၄ အခန်း (၄) ပုဒ်မ ၈ ပါ ပုဒ်မခွဲ(ဂ) ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခြင်းတို့တွင် ပါဝင်ခွင့်ပြုသည့်ဦးရေနှင့် ပုဒ်မခွဲ (ဃ) ဟောပြောခွင့်ရရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များ၏ အမည်နှင့် နေရပ်လိပ်စာဟူသည့် ပုဒ်မခွဲ (၂)ခုကို နုတ်ပယ်ရန် ဦးအုန်းတင်ရဲ့ ဆွေးနွေးချက်အပေါ်မှာ ဥပဒေကြမ်းကော်မတီနှင့် ညှိနှိုင်းပြီး ပုဒ်မခွဲ (ဂ)ပါ ပါဝင်ခွင့်ပြုသည့် ဦးရေတွင် ပါဝင်ခွင့်ပြုသည့် ခန့်မှန်းဦးရေဟု ပြင်ဆင်ချက်မှတစ်ပါး ပုဒ်မခွဲ(ဂ)နှင့် (ဃ)အားမူလအတိုင်းထားရှိရန် သဘောတူညီရယူခဲ့ပါတယ်။ အပိုဒ် ၅၊ အခန်း(၅) ပုဒ်မ ၁၂ ပါ မူလပုဒ်မခွဲ(င)အဖြစ် အလံပိုစတာနှင့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ခြင်း၊ ပြသခြင်း၊ ပြုလုပ်နိုင်ကြောင်းနှင့် ကြွေးကြော်ခြင်းနှင့် အော်ဟစ်ခြင်း မပြုလုပ်ရ ဟူသည့် တားမြစ်ခြင်းနှင့် ပုဒ်မခွဲ (စ)လုံခြုံရေးတာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့် စည်းကမ်းထိန်းသိမ်းမှုကို လိုက်နာရမည် ဟူသည့် တားမြစ်ချက်တို့ကို နုတ်ပယ်ရန် ဦးအုန်းတင် ၏ ဆွေးနွေးချက်အပေါ်မှာ ကော်မတီ နှင့်ညှိနှိုင်းပြီး ပြင်ဆင်သည့်အတိုင်း အတည်ပြုရန် သဘောတူညီချက် ရရှိခဲ့ပါတယ်။

အပိုဒ် ၆၊ အခန်း(၆) ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်များကို မြို့နယ်ရဲတပ်ဖွဲ့မှူး ယင်း၏ လုပ်ထုံးလုပ်နည်းအရ ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် ဤဥပဒေတွင် ထည့်သွင်းရန် မလိုအပ်၍ နုတ်ပယ်သင့်ကြောင်း ဦးအုန်းတင် ၏ ဆွေးနွေးချက်အပေါ်မှာ ဥပဒေကြမ်းကော်မတီနှင့် ညှိနှိုင်းပြီး မူလအတိုင်းထားရှိရန်လည်း သဘောတူညီမှုရရှိခဲ့ပါတယ်။ အပိုဒ် ၇၊ အခန်း (၇) ပြစ်မှု နှင့်ပြစ်ဒဏ်များအခန်းပါ ပုဒ်မ ၁၇၊ ၁၈၊ ၁၉ တို့ပါ ထောင်ဒဏ်၊ ငွေဒဏ်များအနက် စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်း ပြုလုပ်သူများကို နှောင့်ယှက်သူအား အရေးယူသည့် ပုဒ်မ ၁၇ ပါ ထောင်ဒဏ်ငွေဒဏ်ကို တိုးမြှင့်၍ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းပြုသူများ မလိုက်နာ၍ အရေးယူသည့် ပုဒ်မ ၁၈ နှင့် ၁၉တို့ပါ ထောင်ဒဏ်၊ ငွေဒဏ်များကို လျှော့ပေါ့စေလိုကြောင်း ဦးအုန်းတင် ၏ ဆွေးနွေးချက်အပေါ်မှာ ညှိနှိုင်းပြီး လွှတ်တော်ဥပဒေကြမ်းကော်မတီက ပြင်ဆင် သည့်အတိုင်း အတည်ပြုရန် သဘောတူညီမှု ရယူခဲ့ပါတယ်။ ဆက်လက်ပြီး အပိုဒ်ခွဲ (ခ) ဧရာဝတီတိုင်းဒေသကြီး ဦးခင်မောင်ရီ မဲဆန္ဒနယ်အမှတ်(၆)၏ ဆွေးနွေးချက်နှင့် စပ်လျဉ်းပြီး တော့ အပိုဒ် (၁) အခန်း(၁)ပုဒ်မ(၂)(က) ပါနိုင်ငံသား အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် လက်နက်ကိုင် အဖွဲ့ဝင်သာသနာရေးဆိုင်ရာ ပုဂ္ဂိုလ်များနဲ့ ကျန်းမာရေးဝန်ထမ်းများကို ခြွင်းချက်ထားပေးရန်

ဦးခင်မောင်ရီ ၏ ဆွေးနွေးချက်အပေါ်မှာ ဥပဒေကြမ်း ကော်မတီနှင့် ညှိနှိုင်းပြီး မူလအတိုင်း ထားရှိရန် သဘောတူညီမှုရခဲ့ပါတယ်။ အပိုဒ် ၂ အခန်း (၅) ပုဒ်မ ၁၂ ပုဒ်မခွဲ (ဃ) ပါ လူမျိုးရေး သို့မဟုတ် ဘာသာရေးကိုဖြစ်စေ၊ လူ့သိက္ခာနှင့်ကိုယ်ကျင့် တရားကို ဖြစ်စေ ထိခိုက်စေမည့် အပြောအဆိုနှင့် အပြုအမူများကို မပြုလုပ်ရဟူသည့် ပြဋ္ဌာန်းချက်တွင် ပိုမိုပြည့်စုံစေရန် နိုင်ငံတော်နှင့် ပြည်ထောင်စုကိုဖြစ်စေ ဟူသည့်စကားရပ်ကို ယင်းပုဒ်မ၏ ရှေ့ဆုံးတွင် ဖြည့်စွက်ပေးရန် ဦးခင်မောင်ရီ ၏ ဆွေးနွေးချက်အပေါ် ကော်မတီနှင့်ညှိနှိုင်းပြီး ထပ်မံဖြည့်စွက် သဘောတူညီခဲ့ပါတယ်။ အပိုဒ် ၃ အခန်း ၅ ပုဒ်မ ၁၂ တွင် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုလုပ်ရာ၌ လက်ကိုင်အသံချဲ့စက်(အော်လံအသေးစား) အသံချဲ့စက် အသုံးပြုခြင်းကို ခွင့်မပြုရန်ဟူသည့် အချက်ထည့်သွင်းရန် ဦးခင်မောင်ရီ ဆွေးနွေးချက် အပေါ်မှာ ညှိနှိုင်းပြီး ပုဒ်မ ၁၂ (စ) တွင် ဖြည့်စွက်၍ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုလုပ်ရာတွင် လက်ကိုင် အသံချဲ့စက်အသေးမှအပ အသံချဲစက် အသုံးပြုခြင်း၊ ခွင့်ပြုထားသော ကြွေးကြော်သံများ မှအပ ကြွေးကြော်ခြင်းနှင့် အော်ဟစ်ခြင်းများ မပြုလုပ်ရဟူ၍ ဖြည့်စွက်ပြင်ဆင်ခဲ့ပါတယ်။ အပိုဒ် ၄၊ အခန်း ၆ ပုဒ်မ ၁၃ တွင် ဒုတိယရဲအုပ်ထက် မနိမ့်သော ရဲအရာရှိတစ်ဦးဟူသည့် စကားရပ်အစား ယင်းနှင့်အတူ ရဲတပ်ဖွဲ့ဝင် အရေအတွက်ပါ ဖြည့်စွက်ရန် လည်းကောင်း ပုဒ်မ ၁၄ ပါ ဒုတိယရဲအုပ်ထက် မနိမ့်သော ရဲအရာရှိ တစ်ဦးဦးဟူသည့် စကားရပ်အစား ပုဒ်မ ၁၃ အရ တာဝန်ပေး သည့် ရဲအရာရှိဟူသည့် စကားရပ်ဖြင့် အစားထိုးရန်လည်းကောင်း ဆွေးနွေးချက်အပေါ် ညှိနှိုင်းပြီး ပုဒ်မ ၁၃ တွင် ဖော်ပြထားသည့် ရဲအရာရှိက လိုအပ်သည့် အခြေအနေအရ လိုအပ်မည့် ရဲအဖွဲ့ဝင်များကို ခေါ်ယူနိုင်ခွင့်ရှိ၍ လည်းကောင်း ပုဒ်မ ၁၄ ပါ ရဲအရာရှိမှာ မူလ ပုဒ်မ ၁၃ အရ တာဝန်ပေးအပ်သည့် ရဲအရာရှိ သို့မဟုတ် အခြားရဲအရာရှိ မြို့နယ် ရဲတပ်ဖွဲ့မှူး သို့မဟုတ် စခန်းမှူးလည်းဖြစ်နိုင်၍ ပုဒ်မ ၁၃ နှင့် ၁၄ တို့အား မူလအတိုင်း ထားရှိရန် သဘောတူညီခဲ့ကြပါသည်။ အပိုဒ် (၈) ဦးလှဆွေ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)၏ ဆွေးနွေးချက်နှင့် စပ်လျဉ်းပြီး အပိုဒ် ၁ အခန်း (၃) ၌ ခွင့်ပြုမိန့်လျှောက်ထားခြင်း အခန်းတွင် အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းစွာ စုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်း မပြုလုပ်နိုင်ပါက ထိုသို့ပြုလုပ်ခွင့် ရရှိထားသည့် လျှောက်ထားသူက ၂၄ နာရီ အတွင်း မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ပြန်လည်တင်ပြရမည့် ပုဒ်မအသစ်တစ်ခု ထပ်မံဖြည့်စွက် ပေးရန် ဆွေးနွေးချက်အပေါ်မှာ ဥပဒေကြမ်းကော်မတီနှင့် ညှိနှိုင်းပြီး ယင်းအခန်းတွင်

မဖြည့်စွက်ပဲ အထွေထွေအပိုဒ်တွင် ပုဒ်မ ၂၂ အဖြစ် ခွင့်ပြုချက် ရရှိသည့် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းသည် အကြောင်းအမျိုးမျိုး ကြောင့် ငြိမ်းချမ်းစွာ စုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းခြင်း မပြုလုပ်လိုပါက ၂၄ နာရီအတွင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ပြန်လည်တင်ပြရမည်ဟု ထပ်မံဖြည့်စွက်ရန် ဥပဒေကြမ်းကော်မတီနှင့် သဘောတူညီမှုရရှိခဲ့ပါတယ်။ အပိုဒ် ၂ အခန်း (၅) စည်းကမ်း သတ်မှတ်ချက်များအခန်းတွင် စုဝေးသည့်နေရာ သို့မဟုတ် စီတန်းလှည့်လည်သည့် လမ်းကြောင်းတစ်လျှောက်ရှိ စိုက်ပျိုးထားသော သစ်ပင်၊ ပန်းမန်၊ အဆောက်အဦ၊ ဆိုင်းဘုတ်၊ မီးလုံးစသည်များ ပျက်စီးပါက စီတန်းလှည့်လည်ရန်နှင့် စုဝေးရန်လျှောက်ထားသူက ပေးလျော်ရမည်ဟူသော အချက်ဖြစ်ပေါ်လာသည့် အမှိုက်သရိုက်များကိုလည်းပဲ ထိုသို့လျှောက်ထား ပြုလုပ်သူများက စနစ်တကျ လှဲကျင်းသိမ်းဆည်း သန့်ရှင်းပေးရမည်ဟူသောအချက် အများပြည်သူဆိုင်ရာ နေရာများရှိ ဆိုင်းဘုတ်နံရံများကို မှုတ်ဆေး၊ သုတ်ဆေးများ ပက်ဖြန်း၍ ညစ်ပေအောင် ဆောင်ရွက်ခြင်း မပြုစေရန်ဟူသည့် အချက်များ ဖြည့်စွက်သင့်ပါကြောင်းဦးလှဆွေ ၏ ဆွေးနွေးချက်အပေါ်မှာဥပဒေကြမ်းကော်မတီနှင့်ညှိနှိုင်းပြီး ပုဒ်မ ၁၂ တွင် ပုဒ်မခွဲ (ခ) အဖြစ် ခွင့်ပြုထားသော စုဝေးသည့်နေရာ သို့မဟုတ် စီတန်းလှည့်လည်သည့် လမ်းကြောင်းတစ်လျှောက်ရှိ ပြည်သူပိုင်ပစ္စည်း၊ အများပိုင်ပစ္စည်းနှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများကို ထိခိုက်ပျက်စီးစေမည့် အပြုအမူ ပတ်ဝန်းကျင်ညစ်ညမ်းစေသည့် အပြုအမူများ မပြုလုပ်ရဟူသည့် ပုဒ်မခွဲအသစ်တစ်ခု ထပ်မံဖြည့်စွက်ရန် သဘောတူညီခဲ့ပါသည်။ ဥပဒေကြမ်းကော်မတီ၏ သဘောထား မှတ်ချက် အပိုဒ် ၃၊ ဥပဒေကြမ်းကော်မတီ၏ ထပ်မံကြားနာစိစစ် လေ့လာတွေ့ရှိချက်များအရ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ အနက်မှ ဖြည့်စွက်သင့်သည့် ပုဒ်မ ၁၂ တွင် ပုဒ်မခွဲ (ခ) အဖြစ် ပုဒ်မခွဲ အသစ်တစ်ခုကို လည်းကောင်း၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ) ပါ စာကြောင်း၏ရှေ့တွင် စကားရပ်တစ်ပိုဒ်ကို လည်းကောင်း၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (စ)၏ ဝါကျတစ်ကြောင်းကိုလည်းကောင်း၊ အထွေထွေ အခန်းတွင် ပုဒ်မ ၂၃ အဖြစ် ပုဒ်မ အသစ်တစ်ခုကိုလည်းကောင်း ထပ်မံဖြည့်စွက်ခဲ့ပါသည်။ အပိုဒ်(၄) ထပ်မံဖြည့်စွက်ပြင်ဆင်သည့်ဤဥပဒေကြမ်းအားအမျိုးသားလွှတ်တော်တွင် အတည်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီ အတည်မပြုမီ လွှတ်တော် အစည်းအဝေး ခေတ္တရပ်နားပါမယ်။ ၁၁း၁၅ နာရီအချိန်မှာ ပြန်လည်ကျင်းပမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးကို ၁၀း၅၅ နာရီ အချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုရန်အမျိုးသားလွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် -အခန်း (၁)အပိုဒ် ၂ (စ)

ဆိုင်းဘုတ်ဆိုသည်မှာ ပါတီ သို့မဟုတ် အသင်း သို့မဟုတ် အဖွဲ့အစည်း တစ်ခုခု၏ အမည် အထိမ်းအမှတ်တံဆိပ်တို့ကို ရေးသားဖော်ပြချက်များ အပါအဝင် လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာမှုမဖြစ်စေသော မိမိဆန္ဒသဘောထားနှင့် လိုလားချက်တို့ကို စာဖြင့် ရေးသား၍ လက်တွင်ကိုင်ဆောင်နိုင်ရန်၊ မြေတွင်စိုက်ထူနိုင်ရန်၊ တစ်နေရာရာ၌ ချိတ်ဆွဲနိုင်ရန် သို့မဟုတ် တစ်နည်းနည်းဖြင့် ဖော်ပြနိုင်ရန် စီမံပြုလုပ်ထားသောအရာကို ဆိုလိုသည်လို့ ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင်တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က -

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁) အပိုဒ် ၂(စ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၁) အပိုဒ် ၂ (စ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -အခန်း(၁)၊ အပိုဒ်၂ (ဇ)

အလံဆိုရာတွင် တရားဝင်ပါတီနှင့် တရားဝင်အသင်းအဖွဲ့အလံတို့ကို ဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁) အပိုဒ် ၂ (ဇ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၁) အပိုဒ် ၂(ဇ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။( ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်အခန်း(၃)အပိုဒ်၄(က) (ခ)

မိမိသဘောထားဆန္ဒကို ဖော်ပြရန် အလို့ငှာ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းအခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်လိုသော နိုင်ငံသားများ သို့မဟုတ် အဖွဲ့အစည်းများသည် ခွင့်ပြုမိန့်ရရှိရန် အောက်ပါအချက်များပါဝင်သော လျှောက်လွှာကို သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးထံ ယင်းသို့ဆောင်ရွက်မည့်နေ့ရက်မတိုင်မီ အနည်းဆုံးငါးရက် ကြိုတင်၍ တင်ပြရမည်။

(က) ငြိမ်းချမ်းစွာစုဝေးခြင်း ပြုလုပ်လိုသည့် ရည်ရွယ်ချက်၊ နေရာ၊ နေ့ရက်၊ အချိန် အပိုင်းအခြား ၊ ငြိမ်းချမ်းစွာစုဝေးခြင်းပြုရာတွင် ဟောပြောလိုသည့် အကြောင်းအရာနှင့် ကြွေးကြော်လိုသည့်ကြွေးကြော်သံများ။

(ခ) ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုလုပ်လိုသည့် ရည်ရွယ်ချက် လမ်းကြောင်း၊ နေ့ရက်၊ အချိန် အပိုင်းအခြားနှင့် ကြွေးကြော်လိုသည့် ကြွေးကြော်သံများဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင် ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ်၄(က)(ခ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)အပိုဒ် ၄(က) (ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ထပ်မံဖြည့်စွက်ချက်အခန်း(၃)၊အပိုဒ်၄(င)

ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းနှင့် စပ်လျဉ်း၍ အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ပါက ယင်းအဖွဲ့အစည်း၏ ဆုံးဖြတ်ချက်မှတ်တမ်း သို့မဟုတ် အထောက်အထားဟု ထပ်မံဖြည့်စွက် ထားပါတယ်။

ဒီထပ်မံ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြော ပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က -

သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃) အပိုဒ် ၄(င) ထပ်မံဖြည့်စွက်ချက် အတည်ဖြစ်သည်။

ထပ်မံဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃) အပိုဒ် ၄(င)သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သည်။( သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ဖြည့်စွက်ချက်အခန်း(၄)၊ အပိုဒ် ၅

သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးသည် နိုင်ငံသားတစ်ဦးကဖြစ်စေ၊ နိုင်ငံသားအများက ဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်က ဖြစ်စေခွင့်ပြုမိန့်ရရှိရန် သတ်မှတ်ချက်များနှင့် အညီ တင်ပြ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုမိန့် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ သို့ရာတွင် နိုင်ငံတော်လုံခြုံရေး၊တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထား သည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်း မပြုရဟု ပြင်ဆင် ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘော မတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူမရှိတဲ့အတွက် အခန်း(၄) အပိုဒ်၅ ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက်အခန်း(၄)အပိုဒ်၅သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။( သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ဖြည့်စွက်ချက်-အခန်း(၅)အပိုဒ်၁၂ (ခ)

ခွင့်ပြုထားသော စုဝေးသည့်နေရာ သို့မဟုတ် စီတန်းလှည့်လည်သည့် လမ်းကြောင်းတစ်လျှောက်ရှိ ပြည်သူပိုင်ပစ္စည်း၊ အများပိုင်ပစ္စည်း၊ ပုဂ္ဂလိကပိုင်ပစ္စည်းများကို ထိခိုက်ပျက်စီးစေမည့် အပြုအမူ၊ ပတ်ဝန်းကျင်ညစ်ညမ်းစေမည့် အပြုအမူများ မပြုလုပ်ရဟု ဖြည့်စွက်ထားပါတယ်။

ဒီဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅) အပိုဒ် ၁၂(ခ) ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)အပိုဒ် ၁၂(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ ( သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်-အခန်း(၅) အပိုဒ်၁၂ (ဃ)

(င) နိုင်ငံတော်နှင့်ပြည်ထောင်စုကိုဖြစ်စေ၊လူမျိုးရေးသို့မဟုတ်ဘာသာရေးကိုဖြစ်စေ၊ လူ့သိက္ခာနှင့်ကိုယ်ကျင့်တရားကိုဖြစ်စေ ထိခိုက်စေမည့် အပြောအဆိုနှင့် အပြုအမူများကို မပြုလုပ်ရဘူးလို့ ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅) အပိုဒ် ၁၂(ဃ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၅)အပိုဒ် ၁၂(င)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက်-အခန်း(၅)၊ အပိုဒ်၁၂

(စ) မမှန်ကန်သောသတင်းများ (ကောလဟာလများ)ကိုဖြစ်စေ၊ မမှန်ကန်သော အချက် အလက်များကို ဖြစ်စေ ဟောပြောခြင်း မပြုလုပ်ရဟု ဖြည့်စွက်ထားပါတယ်။

ဒီဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူမရှိတဲ့အတွက် အခန်း(၅) အပိုဒ်၁၂ ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၅)အပိုဒ်၁၂(စ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။( ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်- အခန်း(၅)အပိုဒ်၁၂(င)

(ဆ) ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ပြုရာတွင်အလံ၊ ပိုစတာနှင့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ခြင်း၊ ပြသခြင်းပြုလုပ်နိုင်သည်။ (ဇ) ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခြင်းပြုရာတွင် လက်ကိုင်အသံချဲ့စက်မှအပ အသံချဲ့စက် အသုံးပြုခြင်း၊ ခွင့်ပြုထားသော ကြွေးကြော်သံများမှအပ ကြွေးကြော်ခြင်းနှင့် အော်ဟစ်ခြင်း မပြုလုပ်ရဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူး လို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅) အပိုဒ် ၁၂ (င) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅) အပိုဒ် ၁၂(ဆ)(ဇ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်-အခန်း(၅)၊ အပိုဒ် ၁၂(စ)

(ဈ) တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့် စည်းကမ်းထိန်းသိမ်းမှုကို လိုက်နာရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅) အပိုဒ် ၁၂ (စ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅) အပိုဒ် ၁၂ (ဈ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်-အခန်း(၅)အပိုဒ်၁၂ (ဆ)

(ည) လိုအပ်ချက်အရ ထုတ်ပြန်သောအမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅) အပိုဒ် ၁၂(ဆ)ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည် ဖြစ်တဲ့အတွက် အခန်း(၅)အပိုဒ် ၁၂(ည)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။( ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်-အခန်း(၅) အပိုဒ် ၁၂(ဇ)

(ဈ) ခွင့်ပြုမိန့် ရုပ်သိမ်းခြင်းခံရပါကဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ လူစုခွဲရမည်လို့ ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅) အပိုဒ် ၁၂ (ဇ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၅) အပိုဒ် ၁၂ (ဈ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။( ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-အခန်း(၆) အပိုဒ် ၁၃

ခွင့်ပြုမိန့်ရငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကိုဥပဒေနှင့် အညီ ဆောင်ရွက်နေသူတို့အားနှောင့်ယှက်ခြင်း၊ဖျက်စီးခြင်းသို့မဟုတ် ဟန့်တားခြင်းမပြုစေနိုင်ရန် လည်းကောင်း၊ ဘေးအန္တရာယ်မဖြစ်စေရန်လည်းကောင်း၊ ဒုတိယ ရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိ တစ်ဦးဦးက လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများကိုဆောင်ရွက်ရမည်ဟု ပြင်ဆင် ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆) အပိုဒ် ၁၃ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည် ဖြစ်တဲ့အတွက် အခန်း(၆) အပိုဒ် ၁၃သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။( ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-အခန်း(၆)အပိုဒ် ၁၄(ခ)

ပုဒ်မခွဲ(က) အရသတိပေးသည်ကိုလိုက်နာဆောင်ရွက်ခြင်းမရှိပါကမြို့နယ်ရဲတပ်ဖွဲ့မှူးထံ ချက်ချင်း တင်ပြရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆) အပိုဒ် ၁၄(ခ)ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၆) အပိုဒ် ၁၄(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။( သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ဖြည့်စွက်ချက်အခန်း(၆) အပိုဒ် ၁၅

မြို့နယ်ရဲတပ်ဖွဲ့မှူးသည်ပုဒ်မ၁၄ (ခ)အရ တင်ပြချက်ကိုရရှိလျှင် မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးထံချက်ချင်းတင်ပြခွင့်ပြုချက်ရယူပြီးငြိမ်းချမ်းစွာစုဝေးခြင်း ခွင့်ပြုမိန့်ကိုသော်လည်းကောင်း၊ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းခွင့်ပြုမိန့်ကိုသော်လည်းကောင်း ရုပ်သိမ်းနိုင်သည်။ယင်းသို့ရုပ်သိမ်းကြောင်းကိုတာဝန်ရှိသူကနှုတ်ဖြင့်ကြေညာပြီးနောက်(၂၄) နာရီ အတွင်းစာဖြင့်အကြောင်းကြားရမည် ဟုပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၅ ပြင်ဆင်ဖြည့်စွက်ချက်သည် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက်အခန်း(၆)၊ အပိုဒ် ၁၅သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။( သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ဖြည့်စွက်ချက်အခန်း(၆)၊ အပိုဒ် ၁၆

ခွင့်ပြုမိန့်ကိုရုပ်သိမ်းကြောင်းကြေညာပြီးနောက်ဆက်လက် စည်းကမ်းဖောက်ဖျက်ခြင်းများရှိနေပါက မြို့နယ်ရဲတပ်ဖွဲ့မှူးသည်တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းလုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်ရမည်ဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။
(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆) အပိုဒ် ၁၆ ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက်အခန်း(၆) အပိုဒ်၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။( သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-အခန်း(၇) အပိုဒ်၁၇

မည်သူမဆို ခွင့်ပြုမိန့်နှင့်အညီ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုသူများအား နှောင့်ယှက်ခြင်း ဖျက်စီးခြင်း၊ ဟန့်တားခြင်း၊ စိတ်ငြိုငြင် စေခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်းအနိုင်အထက်ပြုခြင်းသို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေခြင်း ပြုကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ် နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ကျပ်ငါးသောင်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇) အပိုဒ် ၁၇ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည် ဖြစ်တဲ့အတွက် အခန်း(၇) အပိုဒ် ၁၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။( ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-အခန်း(၇) အပိုဒ် ၁၈

မည်သူမဆို ခွင့်ပြုမိန့် မရရှိဘဲ ငြိမ်းချမ်းစွာ စုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကိုတစ်နှစ်ထက်မပိုသောထောင်ဒဏ်

ဖြစ်စေ၊ကျပ်သုံးသောင်းထက်မပိုသောငွေဒဏ်ဖြစ်စေဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်ဟုပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘော မတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇) အပိုဒ် ၁၈ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည် ဖြစ်တဲ့အတွက် အခန်း(၇) အပိုဒ် ၁၈ သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သည်။( ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-အခန်း(၇) အပိုဒ် ၁၉

မည်သူမဆို ပုဒ်မ ၈ ၊ ပုဒ်မခွဲ ၅အရ သတ်မှတ်သောစည်းကမ်း တစ်ရပ်ရပ်ကိုသော်လည်းကောင်းပုဒ်မ၉၊ ၁၁နှင့် ၁၂တို့ပါစည်းကမ်းတစ်ရပ်ရပ်ကိုသော်လည်းကောင်းဖောက်ဖျက်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်ခံရလျှင်ထိုသူကိုခြောက်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ကျပ်တစ်သောင်းထက်မပိုသောငွေဒဏ် ဖြစ်စေ၊ ဒဏ်(၂)ရပ်လုံး ဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇) အပိုဒ် ၁၉ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည် ဖြစ်တဲ့အတွက် အခန်း(၇) အပိုဒ် ၁၉သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။( သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-အခန်း(၈)အပိုဒ် ၂၀

အခန်း(၇)ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူး လို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈) အပိုဒ် ၂၀ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည် ဖြစ်တဲ့အတွက် အခန်း(၈) အပိုဒ်၂၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။( သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-အခန်း(၈) အပိုဒ် ၂၁

မည်သူမဆိုခွင့်ပြုမိန့်အရ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်း ပြုရာတွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ပြည်သူတို့၏ ကိုယ်ကျင့်တရား အလို့ငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများကို ဆန့်ကျင်ကျူးလွန်လျှင် သော်လည်းကောင်း၊ အခြားသူ တစ်ဦးဦးကို ထိခိုက်နစ်နာစေသောပြုလုပ်မှုများကျူးလွန်လျှင်သော်လည်းကောင်း၊ယင်းဖောက်ဖျက်ကျူးလွန်မှုများကို ယင်းတို့နှင့်သက်ဆိုင်သည့်တည်ဆဲဥပဒေအရအရေးယူဆောင်ရွက်ရမည်ဟုပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။
(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈) အပိုဒ် ၂၁ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည် ဖြစ်တဲ့အတွက် အခန်း(၈) အပိုဒ် ၂၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။( သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက်- အခန်း(၈)

၂၂။ နိုင်ငံသားတစ်ဦးချင်းအနေဖြင့်လည်း မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်နိုင်ရန်အတွက် ငြိမ်းချမ်းစွာ လှည့်လည်ခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခြင်း စသည့် အခွင့်အရေးများကို သုံးစွဲဆောင်ရွက်ရာ၌ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရမည်။

၂၃။ ခွင့်ပြုချက်ရရှိသည့် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းသည် အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းစွာစုဝေးခြင်းသို့မဟုတ် စီတန်းခြင်း မပြုလုပ်လိုပါက (၂၄)နာရီအတွင်း သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့မှူးထံ ပြန်လည်တင်ပြရမည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။
(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူမရှိတဲ့အတွက် အခန်း(၈) ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၂၊ ၂၃သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။( ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်-အခန်း(၈)၊အပိုဒ် ၂၂(က)

၂၄(က)လိုအပ်သောနည်းဥပဒေ စည်းမျဉ်းသို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်ထုတ်ပြန်နိုင်သည်ဟုပြင်ဆင်ထားပါတယ် ။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ၊

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘာမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၂(က) ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက်အခန်း(၈)၊ အပိုဒ် ၂၄ (က)သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ် များ ၏ ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ အပေါ် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်း ကော်မတီ အဖွဲ့ဝင် ဒေါက်တာလှသိန်းက ပြန်လည် ဖတ်ကြားရှင်းလင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဒေါက်တာလှသိန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)။** ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ပဏာမနှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်

ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာလှသိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်း ကော်မတီရဲ့ တာဝန်ပေးချက် အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၃)ဦးရဲ့ အကြံပြုချက်များအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ ပြန်လည်စိစစ်တဲ့ အစီရင်ခံစာ တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စု အစိုးရ အဖွဲ့ရုံးက ပေးပို့လာသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ၏ အကြံပြုချက်များအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ ပြန်လည် စိစစ်တင်ပြချက် အစီရင်ခံစာ ။ ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၂၇)ရက်နိဒါန်း။ ပြည်ထောင်စုအစိုးရအဖွဲ့၏၂၀၁၁ခုနှစ်၊ အောက်တိုဘာလ(၇) ရက်စွဲပါ စာဖြင့် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်၏ ၂၀၁၁ခုနှစ်၊ အောက်တိုဘာလ(၁၁)ရက်စွဲပါ စာဖြင့်လည်းကောင်း ပေးပို့လာသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ၂၀၁၁ခုနှစ်၊ အောက်တိုဘာလ (၂၅)ရက် နေ့တွင် ကျင်းပသည် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းဝေး (၃၉) ရက် မြောက်နေ့တွင် အစီရင်ခံစာ ဖတ်ကြားခဲ့ပါတယ်။ ယင်းနေ့တွင် လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက အကြံပြု ဆွေးနွေးခဲ့ ကြပါသည်။ ယင်းအကြံပြုဆွေးနွေးချက်များကို လွှတ်တော်က တာဝန်ပေးချက်အရ ဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများကိုပါ ဖိတ်ကြား၍ ထပ်မံကြားနာ လေ့လာစိစစ်၍ အစီရင်ခံစာတင်ပြအပ်ပါသည်။လေ့လာတွေ့ရှိချက်များ။ အပိုဒ်(၂) ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ အကြံပြု ဆွေးနွေးချက် များကို လေ့လာစိစစ်ခဲ့ရာ အောက်ပါအတိုင်း တွေ့ရှိခဲ့ရပါသည်။

(က) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် ၏ ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ အပိုဒ်(၁) အခန်း(၄) ပုဒ်မ ၉၊ပုဒ်မခွဲ(စ)ပါ ကျောင်းများတွင် ကျောင်းများဆိုတဲ့အထဲမှာ တက္ကသိုလ်အဆင့်ကိုပါ ထည့်သွင်းရန် ဆွေးနွေးချက်အပေါ် ညှိနှိုင်းပြီး ကျောင်းများဟူသည့် စကားရပ်အား တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများဟု ဖြည့်စွက်ရန် သဘောတူညီခဲ့ကြပါသည်။ အခန်း (၃)ပုဒ်မ ၄ (က) ဖြင့် ဖွဲ့စည်းထားသော ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာကို ထပ်မံဖြည့်စွက်ရန် ဆွေးနွေးချက် အပေါ်မှာ ညှိနှိုင်းပြီးတော့ အစိုးရအဖွဲ့အားအမိန့်ကြော်ငြာစာဖြင့် ယင်းကော်မတီအား ဖွဲ့စည်းပြီး

ဖြစ်၍လည်းကောင်း၊ပုဒ်မခွဲ(ခ)မှာ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မတီကိုပြင်ဆင်ဖွဲ့စည်းနိုင် သောကြောင့်ယင်းပုဒ်မအားမူလအတိုင်းထားရှိရန်သဘောတူညီခဲ့ကြပါတယ်။(ခ) ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ ဒုတိယဆွေးနွေးချက်အနေနှင့် အခန်း (၃) ပုဒ်မ၄ (က)အဖြစ် ဖွဲ့စည်းထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီတွင် လူမှုဝန်ထမ်းနှင့် ကယ်ဆယ်ရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့ကို ထပ်မံဖြည့်စွက်ရန် ဆွေးနွေးချက်အပေါ်မှာ ညှိနှိုင်းပြီး အစိုးရအဖွဲ့က အမိန့် ကြော်ညာစာဖြင့် ယင်းကော်မတီကို ဖွဲ့စည်း ထားပြီးဖြစ်၍လည်းကောင်း၊ ပုဒ်မခွဲ (ခ)အရ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သောကြောင့် ယင်းပုဒ်မအား မူလအတိုင်းထားရှိရန် သဘောတူညီခဲ့ကြပါတယ်။ (ဂ) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)၏ ဆွေးနွေးချက်နဲ့ စပ်လျဉ်း၍ အခန်း (၁) ပုဒ်မ ၂ (ခ) ပတ်ဝန်းကျင် အရည်အသွေး အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် လူ့ပယောဂကြောင့် သက်ရောက်မှု မရှိသောဟူသော စကားရပ်ကို လူတို့ဖန်တီးပြုလုပ်ထားသောပစ္စည်းများပါဝင်သည့်ဟူသော စကားရပ် နောက်တွင် ထပ်မံဖြည့်စွက်ရန် ဆွေးနွေးချက်များအပေါ် ညှိနှိုင်းပြီး မူလအတိုင်းထားရှိရန် သဘောတူညီခဲ့ကြ ပါသည်။ (၂)အခန်း (၁) ပုဒ်မ ၂ (င) ညစ်ညမ်းမှုဆိုသောအဓိပ္ပာယ်ဖွင့်ဆိုချက်တွင်ဂုဏ်သတ္တိများကို တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေပြောင်းလဲစေမှုဟူသည့်စကားရပ်နောက်တွင်သက်ရောက်စေမှု ဟူသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲငယ်(စ)တွင် အသံညစ်ညမ်းမှု အဓိပ္ပာယ်ဖွင့် ဆိုချက်တွင် အသံခံစားမှုကို အနှောင့်အယှက် ဖြစ်စေသောဟူသည့် စကားရပ်တွင် သတ်မှတ် စံညွှန်းဘောင် ကျော်လွန်သည်ဟူသောစကားရပ်ကိုလည်းကောင်း၊ပုဒ်မ ၂၊ ပုဒ်မခွဲ (ဆ) ညစ်ညမ်း ပစ္စည်းအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ကျန်းမာရေးကိုဘေးအန္တရာယ်ဖြစ်သည့်သို့မဟုတ် ဖြစ်စေနိုင်သည့် ဟူသည့် စကားရပ်နောက်တွင် သို့မဟုတ် ညစ်ညမ်းမှုကို ဖြစ်စေနိုင်သည့်ဟူသည့် စကားရပ်ကို လည်းကောင်း၊ပုဒ်မ၂၊ပုဒ်မခွဲ(ဈ)ဘေးအန္တရာယ်ရှိသည့် ပစ္စည်းအဓိပ္ပာယ်ဖွင့်ဆိုချက်တွင်ယားယံရောင် စေတတ်သောဟူသည့် စကားရပ်အစား ယားယံရောင်ရမ်းစေခြင်း အပါအဝင် ကျန်းမာရေးကို ထိခိုက်စေတတ်သော ဟူသည့်စကားရပ်ဖြင့်အစားထိုးရန်လည်းကောင်း၊ပုဒ်မ ၂၊ ပုဒ်မခွဲ (ည)တွင် အကျိုးရှိစွာ အသုံးပြုခြင်း အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အကျိုးဖြစ်ထွန်းရေးကိုဖြစ်ပေါ်စေသည့်ဟူသည့် စကားရပ်တွင် ‘စေသည့်’ အစား ‘စေနိုင်ရန်’ ဟု ပြင်ဆင်ရန်လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(တ) ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ် အခြေအနေ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ဂေဟစနစ်၏ရှေ့တွင်

ပတ်ဝန်းကျင်နှင့်ဟူသည့် စကားရပ်ကိုလည်းကောင်း ဖြည့်စွက်ပေးရန်၊ ဆွေးနွေးချက်အပေါ် ညှိနှိုင်း၍ ၎င်းဆွေးနွေးချက်အတိုင်း အတည်ပြုဖြည့်စွက်ရန် သဘောတူခဲ့ ကြပါတယ်။ အပိုဒ်(၃) အခန်း၂၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဃ)တွင် ပြဋ္ဌာန်းထားတဲ့ ပျောက်ကွယ်ဆုတ်ယုတ်နေသော ဟူသည့် စကားရပ်အစား ဆုတ်ယုတ်ပျောက်ကွယ်စ ဖြစ်နေသောဟူသော စကားရပ်ဖြင့် အစားထိုးရန် ဆွေးနွေးချက်အပေါ် ညှိနှိုင်းပြီး ထိုသို့အစားထိုးရန် သဘောတူညီခဲ့ကြပါသည်။ အပိုဒ် (၄) အခန်း (၃)၊ ပုဒ်မ ၄၊ပုဒ်မခွဲ(က) ဖြင့် ဖွဲ့စည်းထားသောပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှ င့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနတို့ကို ထပ်မံဖြည့်စွက်ရန် ဆွေးနွေးချက်အပေါ် ညှိနှိုင်းပြီး အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် ယင်းကော်မတီအား ဖွဲ့စည်းထားပြီးဖြစ်၍လည်းကောင်း၊ ပုဒ်မခွဲ(ခ)အရ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သောကြောင့် ယင်းပုဒ်မအား မူလအတိုင်းထားရှိရန် သဘောတူညီခဲ့ကြပါတယ်။

ပုဒ်မ ၄၊ ပုဒ်မခွဲ(ခ)တွင် ကော်မတီကိုဟူသည့်စကားရပ်နောက်တွင်လိုအပ်သလိုဟူသည့် စကားရပ်ကို ဖြည့်စွက်ရန် ဆွေးနွေးချက်အပေါ် ညှိနှိုင်း၍ မူလအတိုင်းထားရှိရန် သဘောတူညီ ခဲ့ကြပါတယ်။ အပိုဒ်(၅) အခန်း(၃) ပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)တွင် အလှူငွေ၊ ထောက်ပံ့ငွေနှင့် ပစ္စည်းများ အပြင် နည်းပညာဆိုင်ရာအကူအညီများကိုပါဖြည့်စွက်သင့်ကြောင်းဆွေးနွေးချက်အပေါ်ညှိနှိုင်း၍ အလှူငွေ၊ ထောက်ပံ့ငွေ၊ ပစ္စည်းများနှင့် နည်းပညာ အကူအညီများဟု ပြင်ဆင်၍ နည်းပညာ အကူအညီများကို ထပ်မံဖြည့်စွက်ရန် သဘောတူညီခဲ့ကြပါတယ်။ အပိုဒ်(၆)အခန်း(၄) ပုဒ်မ ၉၊ ပုဒ်မခွဲ(ဏ)ပါ ပြဋ္ဌာန်းချက်နောက်တွင်စက်၊ ယာဉ်၊ ယန္တရားများက ထုတ်လုပ်မှုဆိုင်ရာစည်းကမ်းများ သတ်မှတ်ခြင်းဟူသည့် ဝါကျတစ်ကြောင်း ဖြည့်စွက်ရန် လည်းကောင်း၊ ပုဒ်မ ၉၊ ပုဒ်မခွဲ(ဗ) တွင် အဏ္ဏဝါကမ်းခြေဟူသည့်စကားရပ်နောက်တွင် နှင့်ရေထု ဟူသည့်စကားရပ်ကို ထပ်မံဖြည့်စွက်ရန် လည်းကောင်း၊ ဆွေးနွေးချက်အပေါ် ညှိနှိုင်းပြီး ယင်းပုဒ်မခွဲ(ဏ)နှင့် ပုဒ်မခွဲ(ဗ)တို့တွင် ထပ်မံ ဖြည့်စွက်ရန် သဘောတူညီခဲ့ကြပါတယ်။ အပိုဒ်(၇) အခန်း(၄) ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က) (၂) တွင် ပြဋ္ဌာန်းထားသည့်ရငွေနောက်တွင် နှင့်ဒဏ်ကြေး၊ လျော်ကြေးငွေများဟုဖြည့်စွက်ရန် ဆွေးနွေးချက် အပေါ်ညှိနှိုင်းပြီးမူလပြဋ္ဌာန်းချက်တွင်ဒဏ်ကြေး၊ လျော်ကြေးငွေများလည်းအကျုံးဝင်သောကြောင့် မူလအတိုင်းထားရှိရန် သဘောတူညီ ခဲ့ကြပါတယ်။ အပိုဒ်(၈) အခန်း(၇)ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဃ)တွင် အညစ်အကြေး စွန့်ပစ်ရေဟူသည့် စကားရပ်ပါ အညစ်အကြေး ရှေ့တွင် စွန့်ပစ်ရေဟူသည့်

စကားရပ်ကို ဖြည့်စွက်ရန် ဆွေးနွေးချက်အပေါ်မှာ ညှိနှိုင်းပြီးတော့ အညစ်အကြေးဆိုတာ ရေလဲ ပါဝင်တဲ့အတွက်ကြောင့် မူလအတိုင်းထားရှိရန် သဘောတူညီခဲ့ကြပါတယ်။ အပိုဒ်(၉) အခန်း(၇) ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဂ)ပါ ပြဋ္ဌာန်းချက်နောက်တွင်ထို့ပြင် လုပ်သားများနှင့်ဝန်ထမ်းများ၏ လုပ်ငန်းခွင် အကာအကွယ်နှင့်ထိခိုက်မှုအတွက် ကုသစရိတ်များကိုကျခံရမည်ဟူသည့်ဝါကျထပ်မံဖြည့်စွက်ရန် ဆွေးနွေးချက်အပေါ် ညှိနှိုင်းပြီး မူလပြဋ္ဌာန်းချက်သည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာရန် ပြဋ္ဌာန်းခြင်းဖြစ်၍ ယခုထပ်မံဖြည့်စွက်သည့် အချက်မှာ အလုပ်သမားလျော်ကြေးအက်ဥပဒေနှင့် လူမှုဖူလုံရေးဥပဒေများတွင်ပြဋ္ဌာန်းထားပြီးဖြစ်၍ မသက်ဆိုင်၍ပြဋ္ဌာန်းချက်အတိုင်းထားရှိရန်သဘောတူခဲ့ကြပါတယ်။ အပိုဒ်(၁၀)၊ ပုဒ်မ၁၀၊ အခန်း(၁၀) ပုဒ်မ ၂၇၊ ပုဒ်မခွဲ(က) ပြဋ္ဌာန်းပါ စည်းကမ်းချက်နှင့် အညီ လိုက်နာဆောင်ရွက်စေခြင်း စကားရပ် နောက်တွင် ခံဝန်ချက်ရေးထိုးစေခြင်းဟူသည့်စကားရပ် ထပ်မံဖြည့်စွက်ရန် ဆွေးနွေးချက်အပေါ် ညှိနှိုင်းပြီးယင်းစကားရပ်ကိုထပ်မံဖြည့်စွက်ရန်သဘောတူညီခဲ့ကြပါတယ်။ အပိုဒ်(၁၁)၊ အခန်း(၁၂) တားမြစ်ချက်များ အခန်းပါ ပုဒ်မ ၃၂ ပါ ပြဋ္ဌာန်းချက်များတွင် ထုတ်လုပ်ခြင်းဟူသည့် စကားရပ် နောက်၌ သိုလှောင်ခြင်း၊ သယ်ယူခြင်းစကားရပ်ကိုထပ်မံဖြည့်စွက်ရန် လည်းကောင်း၊ အခန်း(၁၃) ပြစ်မှုနှင့် ပြစ်ဒဏ်များ အခန်းပါ ပုဒ်မ ၃၆ တွင်လည်း အလားတူ ထုတ်လုပ်ခြင်းဟူသည့်စကားရပ် နောက်တွင်သိုလှောင်ခြင်း၊သယ်ယူခြင်းစကားရပ်ထပ်မံဖြည့်စွက်ရန်လည်းကောင်း၊ဆွေးနွေးချက်များ အပေါ်ညှိနှိုင်း၍ ယင်းစကားရပ်များကိုထပ်မံဖြည့်စွက်ရန်သဘောတူညီခဲ့ကြပါတယ်။အပိုဒ်(၁၂)၊ အခန်း (၁၃)၊ ပုဒ်မ ၃၃ တွင် တရားစွဲဆိုနိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဆင့်သတ်မှတ်ပေးရန်၊ ဆွေးနွေးချက်များအပေါ် ညှိနှိုင်း၍ ရဲအရေးပိုင်သော ပုဒ်မများဖြစ်၍ သက်ဆိုင်ရာတရားစွဲ အဖွဲ့အစည်းဖြစ်သည့် ရဲတပ်ဖွဲ့က တရားစွဲဆိုနိုင်၍ ထိုသို့ထည့်သွင်းဖော်ပြရန် မလိုအပ်၍ မူလ ပြဋ္ဌာန်းချက် အတိုင်းထားရှိရန် သဘောတူညီခဲ့ကြပါတယ်။ ကော်မတီ၏ သဘောထားမှတ်ချက် အပိုဒ်(၃) ဥပဒေကြမ်းကော်မတီ၏ထပ်မံကြားနာစိစစ်လေ့လာတွေ့ရှိချက်များအရကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအနက်မှဖြည့်စွက်သင့်သည့် ပုဒ်မ ၂ တွင် ပုဒ်မခွဲ(င)၊ (စ)၊ (ဆ)၊ (ဈ)၊ (ည)၊ (တ) တို့တွင် စကားရပ်အချို့ထပ်မံဖြည့်စွက်ခြင်း၊ပုဒ်မ ၃၊ ပုဒ်မခွဲ(ဃ) တွင် စကားရပ်ပြင်ဆင်ခြင်း၊ပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၉၊ ပုဒ်မခွဲ(ဏ)၊ ပုဒ်မခွဲ(ဗ)၊ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က) ပုဒ်မ ၃၂၊ ၃၆ တို့တွင် စကားရပ်များ ထပ်မံဖြည့်စွက် ခဲ့ကြပါတယ်။ အပိုဒ်(၄) ထပ်မံဖြည့်စွက် ပြင်ဆင်သည့် ဤဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် အတည်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ်ပုံစံအမှန်ပြင်ဆင်ချက်-

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ
(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်။)
၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ရက်
(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင်တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူမရှိတဲ့အတွက် ခေါင်းစဉ် ပုံစံအမှန် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက်ခေါင်းစဉ်ပုံစံအမှန်ပြင်ဆင်ချက်သည်ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ဖြည့်စွက်ချက်အခန်း၁၊အပိုဒ်၂(င)

ညစ်ညမ်းမှုဆိုသည်မှာ ပတ်ဝန်းကျင်ကို အကျိုးရှိစွာ အသုံးပြုခြင်းအား ထိခိုက်စေရန် သော် လည်းကောင်း အများပြည်သူကျန်းမာရေး ၊ အန္တရာယ်ကင်းရှင်းရေး သို့မဟုတ် အကျိုးဖြစ်ထွန်းစေရေးကိုဖြစ်စေ တိရစ္ဆာန်နှင့်အပင် များကိုဖြစ်စေ ထိခိုက်စေရန် သော်လည်းကောင်း ဤဥပဒေအရ ထုတ်ပေးထားသော ကြိုတင်ခွင့်ပြုချက်ပါ စည်းကမ်းချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်၍ သော်လည်းကောင်း ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်ရှိပစ္စည်းများ၊ ညစ်ညမ်းပစ္စည်းများ သို့မဟုတ် စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ခြင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် စုပုံခြင်းဖြင့် မြေထု၊ ရေထု၊ လေထုအပါအဝင် ပတ်ဝန်းကျင် အစိတ်အပိုင်း တစ်ရပ်ရပ်၏ ရုပ်ပိုင်းဆိုင်ရာ ၊အပူဓာတ်ဆိုင်ရာ၊ ဓာတုဆိုင်ရာ သို့မဟုတ် သက်ရှိဇီဝ ဆိုင်ရာ ဂုဏ်သတ္တိများကို တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ ဖြစ်စေ၊ ပြောင်းလဲစေမှုသက်ရောက်စေမှု၊ တစ်ရပ်ရပ်ကို ဆိုသည်ဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။
(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူမရှိတဲ့အတွက်အခန်း(၁)အပိုဒ်၂(င)ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက်အခန်း(၁)၊ အပိုဒ်၂(င)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ဖြည့်စွက်ချက်အခန်း၁၊အပိုဒ်၂(စ)

အသံညစ်ညမ်းမှုဆိုသည်မှာ စိတ်အနှောင့်အယှက်ဖြစ်စေသော၊ ပင်ပန်းနွမ်းနယ်မှုဖြစ်စေသော၊အကြားအာရုံဆုံးရှုံးမှုဖြစ်ပေါ်စေသော သို့မဟုတ် အခြားအသံခံစားမှုကိုအနှောင့်အယှက်ဖြစ်စေသော သတ်မှတ်စံညွှန်း ဘောင်ကျော်လွန်သည့် အသံအတိုင်းအတာတစ်ရပ်ဖြစ်ပေါ်နေမှုကို ဆိုသည်ဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူမရှိတဲ့အတွက် အခန်း(၁) အပိုဒ်၂(စ)ပြင်ဆင် ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက်အခန်း(၁)၊ အပိုဒ်၂(စ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။( သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ဖြည့်စွက်ချက်အခန်း၁၊အပိုဒ်၂ (ဆ)

ညစ်ညမ်းပစ္စည်း ဆိုသည်မှာ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပတ်ဝန်းကျင် အစိတ်အပိုင်း သို့မဟုတ် အခြေခံတစ်ရပ်ရပ်ကို အကျိုးရှိစွာ အသုံးပြုခြင်းအား ထိခိုက်စေရန် အရည်အသွေးပြောင်းလဲစေသည့်သို့မဟုတ် ကျန်းမာရေးကို ဘေးအန္တရာယ်ဖြစ်သည် သို့မဟုတ်

ဖြစ်စေနိုင်သည့်၊ ညစ်ညမ်းမှုကို ဖြစ်စေနိုင်သည့် အစိုင်အခဲ၊ အရည် သို့မဟုတ် အခိုးအငွေ့ကို ဆိုသည်ဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘော တူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁) အပိုဒ်၂(ဆ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက်အခန်း(၁)၊ အပိုဒ်၂(ဆ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ဖြည့်စွက်ချက်အခန်း၁၊အပိုဒ်၂ (ဈ)

ဘေးအန္တရာယ်ရှိပစ္စည်းဆိုသည်မှာဓာတုပစ္စည်းဟုတ်သည်ဖြစ်စေမဟုတ်သည် ဖြစ်စေ လူ၊ တိရစ္ဆာန်၊ အပင်၊ ပစ္စည်း သို့မဟုတ် ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်သည့် ပေါက်ကွဲစေတတ်သောပစ္စည်း ၊ ဇီဝလက်နက်အဖြစ် ဖန်တီးအသုံးပြုနိုင်သောပစ္စည်း ၊ နျူကလီးယားလက်နက်အဖြစ်အသုံးပြုနိုင်သောပစ္စည်း၊မီးလောင်စေတတ်သောပစ္စည်း၊ အောက်စီဂျင်ဖြင့်ဓာတ်ပြုစေတတ်သောပစ္စည်း၊ အဆိပ်အတောက် ဖြစ်စေတတ်သော ပစ္စည်း၊ ရောဂါဖြစ်ပွားစေတတ်သော ပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း၊မျိုးရိုးဗီဇပြောင်းလဲစေတတ်သောပစ္စည်း၊ စားလောင်စေတတ်သော ပစ္စည်း၊ ယားယံရောင်ရမ်းစေခြင်း အပါအဝင် ကျန်းမာရေးကို ထိခိုက်စေတတ်သောပစ္စည်း သို့မဟုတ် အရာဝတ္ထုကိုဆိုသည်ဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူမရှိတဲ့အတွက် အခန်း(၁) အပိုဒ်၂(ဈ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက်အခန်း(၁)၊ အပိုဒ်၂(ဈ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ဖြည့်စွက်ချက်အခန်း၁၊အပိုဒ်၂ (ည)

အကျိုးရှိစွာ အသုံးပြုခြင်းဆိုသည်မှာ အများပြည်သူ၏ ကျန်းမာရေးအန္တရာယ် ကင်းရှင်းရေးသို့မဟုတ်အကျိုးဖြစ်ထွန်းရေးကိုဖြစ်ပေါ်စေနိုင်ရန်နှင့်ပစ်ပစ္စည်းများ၏အညစ်အကြေးများ၊ ထုတ်လွှတ်ပစ္စည်းများနှင့် စုပုံပစ္စည်းများ၏ ဆိုကျိုးသက်ရောက်မှုမှ လိုအပ်သော ကာကွယ်မှုများ ပြုလုပ်၍ပတ်ဝန်းကျင်ကိုဖြစ်စေ၊ပတ်ဝန်းကျင်အခြေခံတစ်ရပ်ရပ်ကိုဖြစ်စေ၊အစိတ်အပိုင်းတစ်ရပ်ရပ် ကိုဖြစ်စေအသုံးပြုခြင်းကိုဆိုသည်ဟုပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူမရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ်၂(ည) ပြင်ဆင်ဖြည့်စွက်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက်အခန်း(၁)၊ အပိုဒ်၂(ည) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ဖြည့်စွက်ချက်အခန်း၁၊အပိုဒ်၂(ဎ)

ပိုင်ရှင်ဆိုသည်မှာအဆောက်အအုံ၊ မြေနေရာ သို့မဟုတ် ယာဉ်တစ်မျိုးမျိုးကိုပိုင်ဆိုင်သူ၊ လုပ်ငန်းရှင်တာဝန်ခံလုပ်ကိုင်ဆောင်ရွက်သူ၊အငှားချသူသို့မဟုတ် ပစ္စည်းထိန်း သော်လည်းကောင်း ယင်းပုဂ္ဂိုလ်တစ်ဦးဦး၏ အမွေဆက်ခံသူ၊ ယုံမှတ်အပ်နှံခံရသူ သို့မဟုတ် ကိုယ်စားလှယ်ကို သော်လည်းကောင်း ဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘော တူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူမရှိတဲ့အတွက် အခန်း(၁) အပိုဒ်၂ (ဎ) ပြင်ဆင်ဖြည့်စွက်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့ အတွက် အခန်း(၁)၊ အပိုဒ်၂(ဗ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်-

အခန်း ၁၊ အပိုဒ် ၂ (တ)

ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေဆိုသည်မှာ သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ ပြုလုပ်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်လာသည့် ဘေးအန္တရာယ် သို့မဟုတ် ညစ်ညမ်းမှုကို ချက်ချင်း အရေးယူဆောင်ရွက်ခြင်းမပြုပါက အများပြည်သူအား ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကိုသော်လည်းကောင်း ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကိုသော်လည်းကောင်း ထိပါးစေနိုင်သည့်အခြေအနေကို ဆိုသည်ဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင် ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။
(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူမရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ်၂(တ) ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက်အခန်း(၁)၊ အပိုဒ်၂(တ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။( ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ဖြည့်စွက်ချက်အခန်း၂၊အပိုဒ်၃(ဃ)

ဆုတ်ယုတ်ပျောက်ကွယ်စဖြစ်နေသော ဂေဟစနစ်များကို ဖြစ်နိုင်သမျှ ပြန်လည်ဖော်ထုတ်ရန်လို့ ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူမရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ်၃(ဃ) ပြင်ဆင် ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့ အတွက် အခန်း(၂)၊ အပိုဒ်၃(ဃ)သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သည်။( သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ဖြည့်စွက်ချက်အခန်း၃၊အပိုဒ်၆(ဂ)

ပြည်တွင်းပြည်ပမှအလှူငွေ၊ ထောက်ပံ့ငွေ၊ ပစ္စည်းများနှင့် နည်းပညာဆိုင်ရာ အလှူငွေများကို လက်ခံရယူခြင်း၊ ယင်းငွေနှင့်ပစ္စည်းများ၊ နည်းပညာများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများတွင်လိုအပ်သလိုစီမံခန့်ခွဲအသုံးပြုခြင်းလို့ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူမရှိတဲ့အတွက်အခန်း(၃)၊ အပိုဒ်၆(ဂ) ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက်အခန်း(၃)၊ အပိုဒ်၆(ဂ)သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ဖြည့်စွက်ချက်အခန်း၄၊ အပိုဒ်၉(စ)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရပ်ကို တက္ကသိုလ်များ အခြေခံပညာကျောင်းများတွင် သင်ကြားနိုင်ရေး၊ ပြည်သူလူထုအတွင်း ပတ်ဝန်းကျင်ဆိုင်ရာ အသိအမြင်တိုးမြှင့်ရေးနှင့် အများပြည်သူတို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေးတို့အတွက် သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့ သူမရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ်၉(စ)ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက်အခန်း(၄)၊ အပိုဒ်၉(စ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ဖြည့်စွက်ချက်အခန်း၄၊ အပိုဒ်၉ (ဃ)

အဆိပ်အတောက်နှင့် ဘေးအန္တရာယ်ရှိပစ္စည်းများပါဝင်သည့် စွန့်ပစ်အစိုင်အခဲ စွန့်ပစ် အရည်၊ ထုတ်လွှတ်အခိုးအငွေ့ပစ္စည်းများအား ပြုပြင်သန့်စင်ရေးအတွက် လိုအပ်သည့် စက်ရုံများ စခန်းများတည်ထောင်ရေးကိုတိုးမြှင့်ဆောင်ရွက်ခြင်းတို့ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က-

သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ်၉(ဃ) ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက်အခန်း(၄)၊ အပိုဒ်၉(ဃ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ဖြည့်စွက်ချက်အခန်း၄၊ အပိုဒ်၉ (ဏ)

စက်မှုနယ်မြေများနှင့် အခြားလိုအပ်သောနေရာ အဆောက်အအုံများတွင် စွန့်ပစ်ရေသန့်စင်မှုဆိုင်ရာ စည်းကမ်းများသတ်မှတ်ခြင်း၊စက်၊ယာဥ်၊ ယန္တရားများက ထုတ်လွှင့်မှုဆိုင်ရာ စည်းကမ်းများ သတ်မှတ်ခြင်းဟုပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူမရှိတဲ့အတွက်အခန်း(၄)၊ အပိုဒ် ၉ (ဏ) ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက်အခန်း(၄)၊ အပိုဒ်၉(ဏ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ဖြည့်စွက်ချက်အခန်း၄၊ အပိုဒ်၉ (ဗ)

အိုဇုန်းလွှာ ကာကွယ်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ အဏ္ဏဝါကမ်းခြေနှင့် ရေထုပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲ ဖောက်ပြန်မှုကို လျော့ချရေးနှင့် လိုက်လျောညီထွေမှုရှိရေး၊ သဲကန္တာရဖြစ်ပေါ်မှု တိုက်ဖျက်ရေး၊ ပျက်စီးရန် မလွယ်ကူသော ညစ်ညမ်းပစ္စည်းများကို စီမံခန့်ခွဲရေးနှင့် အခြားပတ်ဝန်းကျင်ရေးရာ ကိစ္စများ

အတွက် ပတ်ဝန်းကျင် စီမံခန့်ခွဲရေး၊ ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်ခြင်းဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင်မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူမရှိတဲ့အတွက်အခန်း(၄)၊ အပိုဒ် ၉ (ဗ) ပြင်ဆင်ဖြည့်စွက်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ်၉(ဗ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။( သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်-အခန်း ၁၀၊အပိုဒ် ၂၇ (က)

သတိပေးပြီးစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း၊ ခံဝန်ချက်ရေးထိုး စေခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကိုသဘောတူလျှင်တူတယ်လို့ပြောပါ။

သဘောမတူလျှင်မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၂၇ (က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက်အခန်း(၁၀)၊ အပိုဒ်၂၇(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ဖြည့်စွက်ချက်အခန်း၁၂၊အပိုဒ်၃၂

မည်သူမျှဝန်ကြီးဌာနက တားမြစ်ထားသော ပတ်ဝန်းကျင်ကို ထိခိုက်စေသည့်ပစ္စည်းတစ်ခုခုအား ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း သို့မဟုတ် ရောင်းဝယ်ခြင်းမပြုရဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘော မတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူမရှိတဲ့အတွက် အခန်း(၁၂)၊ အပိုဒ် ၃၂ ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက်အခန်း(၁၂)၊ အပိုဒ်၃၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။( ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ဖြည့်စွက်ချက်အခန်း၁၃၊အပိုဒ်၃၆

မည်သူမဆိုပတ်ဝန်းကျင်ကို ထိခိုက်စေသည့်အတွက် ဝန်ကြီးဌာနကတားမြစ်ထားသော ပစ္စည်းတစ်ခုခုအား ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ပြည်တွင်းသို့တင်သွင်းကြောင်း ပြည်ပသို့တင်ပို့ကြောင်း၊ ထုတ်လုပ်ကြောင်း၊ သိုလှောင်ကြောင်း၊ သယ်ယူကြောင်း သို့မဟုတ် ရောင်းဝယ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကို ထောင်ဒဏ်အနည်းဆုံး သုံးနှစ် မှ အများဆုံး ငါးနှစ်အထိဖြစ်စေ ငွေဒဏ်အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ်သိန်း နှစ်ဆယ်အထိဖြစ်စေ ဒဏ်(၂)ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်။ ထို့အပြင်ယင်းပစ္စည်းအား ပတ်ဝန်းကျင် ထိခိုက်မှု မရှိစေသော အဆင့်အထိ ပြုပြင်ပြောင်းလဲစွန့်ပစ်ရန်အတွက် ကုန်ကျသောစရိတ်ကို ထိုသူကကျခံစေရမည်ဟုပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကိုသဘောတူလျှင်တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က-

သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူမရှိတဲ့အတွက်အခန်း(၁၃)၊ အပိုဒ် ၃၆ ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၁၃)၊ အပိုဒ် ၃၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ ( ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-အခန်း ၁၃၊ အပိုဒ် ၃၈

ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အစိုးရဌာန သို့မဟုတ် အဖွဲ့စည်းတစ်ခုခုအား နိုင်ငံတော်၏အကျိုးငှာ ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရခြင်းမှ ကင်းလွတ်ခွင့်သို့မဟုတ် လျှော့ပေါ့ခွင့်ပြုနိုင်သည်ဟု ပြင်ဆင်ထား ပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၃)၊ အပိုဒ် ၃၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း (၁၃)၊ အပိုဒ် ၃၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များကို တစ်ပိုဒ်ချင်းစီအတည်ပြုပြီးဖြစ်ပါတယ်။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၄၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည် ဖြစ်သည်။

အဆိုအတည် ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၄၄ တို့သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူရင် တူတယ်လို့ပြောပါ။

သဘောမတူရင်မတူဘူးလို့ပြောပါ။

လွှတ်တော်က-

သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူတဲ့သူမရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက်ဤဥပဒေကြမ်းအမည်သည်ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ ဦးနေဝင်းထွန်း က သတ္တုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း ထူထောင်ခွင့်ပြုရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယခု ဦးနေဝင်းထွန်းက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

## ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)က သတ္တုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း ထူထောင်ခွင့်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၂း၀၅။**

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံးကို မင်္ဂလာပါလို့ ကျွန်တော် ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်က ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၊ လွှတ်တော် အခွင့်အရေးကော်မတီဝင်နှင့် တိုင်းရင်းသား ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးကော်မတီဝင် ဦးနေဝင်းထွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အနေနဲ့ ဒီဖောင်ဒေးရှင်းကို တည်ထောင်ရခြင်းနဲ့ ပတ်သက်ပြီးတော့ စာတမ်းမဖတ်ခင် မှာအနည်းငယ်ရှင်းပြလိုပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား၊ ကျွန်တော်အနေနဲ့ ဒီအဆိုကို တင်သွင်းရခြင်းရဲ့ အဓိပ္ပာယ်ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့နိုင်ငံမှာ သတ္တုလုပ်ငန်းများ ပိုမိုပေါ်ထွန်းလာစေချင်တဲ့ စေတနာနဲ့ဆန္ဒပဲ ဖြစ်ပါတယ်။ ဒီသတ္တုလုပ်ငန်းဖောင်ဒေးရှင်း ထူထောင်လို့ ခွင့်ပြုချက် ရရှိရင် ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ဒေသတွင် အင်မတန်ဆိုးဝါး နေတဲ့ ဘိန်းစိုက်ပျိုးမှု၊ စားသုံးမှုအန္တရာယ်တို့ကြောင့် အနာဂတ်ရဲ့သားကောင်း၊သမီးကောင်းများ အတွက်ဘဝလမ်းကြောင်းမှားပြီး မူးယစ်ဆေးဝါး စီးပွားရေးသားကောင်များရဲ့ ဘဝနွံထဲကို ရောက်မသွားစေလိုတဲ့ ဆန္ဒမှန်ကို အဓိကထားပြီး ဒီဖောင်ဒေးရှင်းကို တည်ထောင်ခွင့်တောင်းရ ခြင်းသာ ဖြစ်ပါတယ်။ဥက္ကဋ္ဌကြီးခင်ဗျား။ယခုလို ကျွန်တော်တို့နိုင်ငံတော်ကမှန်ကန်သောငြိမ်းချမ်းရေး

ဖော်ဆောင်မှု၊ နိုင်ငံတွင်း နိုင်ငံရေးဖော်ဆောင်မှု၊ နိုင်ငံတွင်းစီးပွားရေးဖော်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် မှုလုပ်ငန်းများကို ဖော်ဆောင်နေတဲ့ အချိန်မှာ ဒီဘိန်းစိုက်ပျိုးမှုတို့ မူးယစ်ဆေးဝါး တို့ဟာ မရှိသင့် မရှိထိုက်တော့တဲ့ အနေအထား ဖြစ်ပါတယ်။ ဒီအန္တရာယ်တွေဟာ နိုင်ငံဖွံ့ဖြိုး တိုးတက်လုပ်ဆောင်နေတဲ့ အချိန်မှာ ဆိုးဝါးစွာ အနှောင့်အယှက် ဖြစ်စေပါတယ်။ ဒါကြောင့် ဒီမူးယစ်ဆေးဝါး အန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် ပြည်သူကိုလည်း ပညာပေးရပါမယ် ဖြစ်သလို ဒီဘိန်းစိုက်တဲ့ ဒေသတွေမှာ မှန်ကန်သောအသိတရားများ ရှိစေနိုင်ရန်အတွက်၊ နားလည် သဘောပေါက်လာစေရန်အတွက် ပညာရေးကဏ္ဍတွင်လည်း ပြုပြင်ပြောင်းလဲ ပေးအပ် သွားမယ်လို့ ထင်ပါတယ်။ ဒါ အမျိုးသားရေးတာဝန်တစ်ရပ်ပါပဲ၊ စီမံကိန်းချပြီး တိုက်ဖျက် ပေးရန်လည်း လိုအပ်ပါတယ်လို့ ထင်ပါတယ်။ မသမာစီးပွားရေးသမားများ၏ အသုံးချခြင်းတို့မှ လွတ်မြောက်ကင်းစင်ရန်စီးပွားရေးလမ်းကြောင်းသစ်များချမှတ်ပေးနိုင်ရပါမယ်။ ဒီလို စီးပွားရေး လမ်းကြောင်းများပြောင်းလဲပေးနိုင်ရန်အတွက်ကျွန်တော်တို့နိုင်ငံအတွင်းမှာ သတ္တုတွေဖွေရှာမြေကို လှန်ပြီး ပြန်လည်စိုက်ပျိုးသီးနှံတိုး၍ နိုင်ငံနဲ့ပြည်သူ အကျိုးစီးပွားကို ဖွံ့ဖြိုးတိုးတက်စေမည့်စက်မှု ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အလွန်သင့်မြတ်တယ်လို့လည်းယူဆပါတယ်။ ဒါတွေကို အထောက်အပံ့ ဖြစ်စေဖို့၊ ကူညီပေးနိုင်ဖို့အတွက် ဒီသတ္တုဖောင်းဒေးရှင်းကို တည်ထောင်ရေးအဆိုကို ကျွန်တော့် အနေနဲ့ တင်သွင်းရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ အခုTV မှာ ပြနေတဲ့ အနေအထားတွေဟာ ကျွန်တော်တို့ဒေသတွေမှာ ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်အတူ အခြားဒေသ များမှာလည်းဒီလိုဘိန်းစိုက်ပျိုးပြီးတော့နိုင်ငံတော်အတွက်အန္တရာယ်ကြီးမားစွာကျရောက်နေတာကို ကျွန်တော်တို့ ပြသနေခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် ခေတ်မီစက်မှုနိုင်ငံတော်အဖြစ် သို့ ကူးပြောင်းနိုင်ရန်အတွက် အဓိကကျသည့် သတ္တုတူးဖော်ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် အသေးစားလုပ်ငန်းရှင်များ ပေါ်ထွန်းလာပြီး အသေးစားမှတစ်ဆင့် အကြီးစား တစ်ဆင့် ထိုမှတစ်ဆင့် စက်မှုလုပ်ငန်းကဏ္ဍတို့ကျယ်ပြန့်စွာ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီး တစ်ပိုင်တစ်နိုင်လုပ်ကိုင်သူ အခြေခံလုပ်ငန်းရှင်များ ကြုံတွေ့နိုင်မည့် လိုအပ်ချက် အခက်အခဲ များကို ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးနိုင်ရန်အတွက် သတ္တုလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး ဖောင်ဒေးရှင်းကို တည်ထောင်ခွင့်ပြုနိုင်ပါရန် အမျိုးသားလွှတ်တော်သို့ အဆိုတစ်ရပ် တင်သွင်း အပ်ပါတယ်ခင်ဗျား။

ကျွန်တော် အဆိုတင်သွင်းတဲ့ ဒီသတ္တုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း တည်ထောင်ခွင့်အဆိုကို တင်သွင်းရခြင်း၏ အဓိကရည်ရွယ်ချက်ကလည်း အခြေခံပြည်သူများ တစ်ပိုင်တစ်နိုင် လုပ်ကိုင်စားသောက်သူများသည် အောက်ဖော်ပြပါအကျိုးကျေးဇူးများကိုခံစားခွင့် ရရှိမှာ ဖြစ်သလို သတ္တုတွင်းဝန်ကြီးဌာနနှင့်လည်း ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့်ဝန်ကြီးဌာန အတွက်လည်း များစွာ အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် တိုင်းနဲ့ ပြည်နယ် (၁၄)ခုရှိ သည့်အနက် တိုင်းနှင့်ပြည်နယ်(၁၃)ခုတွင် သတ္တုမျိုးစုံထွက်ရှိပါတယ်။ မြို့နယ်များ အားဖြင့် (၃၂၄)မြို့နယ်နဲ့ ဖွဲ့စည်းထားသည့်အနက် မြို့နယ်(၁၆၂)မြို့နယ်များတွင် သတ္တုမျိုးစုံ ထွက်လျက်ရှိပါတယ်။ စိုက်ပျိုးရေးကဏ္ဍနှင့် သတ္တုကို အခြေခံပြီး ခေတ်မီစက်မှုနိုင်ငံတော် ကူးပြောင်းဖြစ်ထွန်းတိုးတက်ရေးအတွက်သော်လည်းကောင်း၊ အခြေခံတိုင်းရင်းသားပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် သော်လည်းကောင်း၊တိုင်းရင်းသားပြည်သူများ သတ္တုအခြေခံလုပ်ငန်း လုပ်ကိုင်နိုင်ခြင်း၊လုပ်ကိုင်တတ်ခြင်းမရှိသူများကို သတ္တုလုပ်ငန်းဖွံ့ဖြိုးတိုး တက်ရေးဖောင်ဒေးရှင်းက ကူညီဆောင်ရွက်ပေးနိုင်သဖြင့်တိုင်းရင်းသားပြည်သူများသတ္တုလုပ်ငန်း များကို နားလည်စေနိုင်ကာ လုပ်ငန်းအတွေ့အကြုံများ ရင့်ကျက်မှုရရှိစေပြီး နိုင်ငံတကာနှင့် ဆက်ဆံ လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများရရှိ၍ ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးများစွာ ဖြစ်ထွန်း ရရှိစေမှာ ဖြစ်ပါတယ်။ ဤဖောင်ဒေးရှင်းထူထောင်ခြင်းဖြင့်အောက်ပါအကျိုးကျေးဇူးရရှိစေနိုင်မည် ဖြစ်ပါတယ်။

(၁) ဆင်းရဲနွမ်းပါးမှုလျော့ချရေးအတွက် အထောက်အကူဖြစ်စေရန် တစ်ပိုင်တစ်နိုင် လက်လုပ်လက်စားများ လုပ်ကိုင်ခွင့်ရရှိလာကာ မိသားစုဝင်ငွေရရှိလာပြီးဒေသခံများ၏ လူမှုစီးပွားရေး ဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊ (၂) စီးပွားရေးအခွင့်အလမ်း၊ အလုပ်အကိုင်အခွင့် အလမ်းများ ဖော်ထုတ်နိုင်ခြင်းကြောင့် အလုပ်လက်မဲ့များ ပပျောက်ခြင်းဖြင့် ပြည်ပသို့ အလုပ်လုပ်ကိုင်မှု များပပျောက်ပြီး ပြည်တွင်း၌ သတ္တုလုပ်ငန်းများလုပ်ကိုင်ခြင်းအားဖြင့် လူနေမှု ဘဝမြင့်မားလာ စေရန်၊ (၃) ဒေသခံ များ စီးပွားရေးချောင်လည်လာသည်နှင့်အမျှ ပညာရေး၊ ကျန်းမာရေးစသော လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ (၄) နိုင်ငံတော်အတွက် အခွန်အခများ ပိုမိုရရှိ လာ စေခြင်းနှင့်သတ္တုလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့်ပြည်သူအများ၏တစ်ဦးချင်းဝင်ငွေကို တိုးတက်မြင့်မားလာစေပြီးနိုင်ငံတော်အတွက် GDP တိုးတက်လာစေရန်၊ (၅) ဒေသခံပြည်သူများ သတ္တုတူးဖော်လုပ်ကိုင်ခွင့်ကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ညီ လျှောက်ထား

လုပ်ကိုင် ဆောင်ရွက်ခြင်းကိစ္စများကို နားလည်လာစေပြီး တရားဝင်လုပ်ကိုင်လာတတ်စေရန်၊ (၆) ဒေသခံပြည်သူများ မိမိတို့ဒေသအသီးသီး၌ သတ္တုဖြစ်တည်နေပုံ၊ အကျိုးစီးပွား ဖြစ်ထွန်းနိုင်ပုံများကို သိမြင်နားလည်လာနိုင်စေရန်၊ (၇) သတ္တုလုပ်ငန်းကိုတစ်ပိုင်တစ်နိုင်လက်လုပ်လက်စားများ လုပ်ကိုင်အောင်မြင်မှုများရရှိလာပြီးသည်နှင့်တစ်ဆင့်တက်၍အသေးစားအကြီးစားလုပ်ငန်းရှင်များ ဖြစ်ပေါ်လာစေရန်၊ (၈) တစ်ပိုင်တစ်နိုင် လက်လုပ်လက်စားများ လုပ်ကိုင်ခွင့်များရရှိ၍ အကျိုးရှိလာသည်နှင့်အမျှ သတ္တုကျောများ ထပ်မံရှာဖွေတူးဖော်နိုင်ခြင်း၊ ထုတ်လုပ်နိုင်ခြင်း၊ ရရှိနိုင်ခြင်းကြောင့် သတ္တုသိုက်များ ဖော်ထုတ်တွေ့ရှိလာနိုင်ပြီး သတ္တုနယ်မြေများအဖြစ် သတ်မှတ်လာနိုင်စေရန်၊ (၉) ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုပပျောက်ရေး တိုက်ဖျက်ရေး အထူးစီမံကိန်းတစ်ရပ်ကို ထိရောက်စွာ အထောက်အကူပြုစေရန်၊ (၁၀) သတ္တုလုပ်ငန်းမှ ထိုက်သင့်သည့် ဝင်ငွေအရင်းအနှီးများရရှိလာပြီးလျှင်သတ္တုတူးဖော်ပြီးကျန်ရှိသော မြေဧရိယာများတွင်လည်း နှစ်တို နှစ်ရှည် စိုက်ပျိုးရေးလုပ်ငန်းများထပ်မံလုပ်ဆောင်စေခြင်းဖြင့်အကျိုးစီးပွားဖြစ်လာနိုင်ပြီးသဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရေးကိုလည်းအကျိုးပြုနိုင်စေရန်၊(၁၁) တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဒေသခံတိုင်းရင်းသားများမှ မြန်မာနိုင်ငံ၏ သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်ပိုင်တစ်နိုင် သတ္တုတူးဖော်ထုတ်လုပ်ခြင်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် ငွေကြေးအရင်းအနှီး တစ်စိတ်တစ်ဒေသကို အတိုးမဲ့ပံ့ပိုးထောက်ပံ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန်၊ (၁၂) သတ္တုအမျိုးအစားအလိုက် တူးဖော်ထုတ်လုပ်ရာတွင်လည်းကောင်း သတ္တုတူးဖော်ရေး နည်းပညာများကို ပေးခြင်းဖြင့်လည်းကောင်း လုပ်ငန်းခွင်အန္တရာယ် မဖြစ်ပေါ်စေရေး အတွက် ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းပညာများ ဖြန့်ဖြူးပေးနိုင်ရန်၊ (၁၃) သတ္တုအမျိုးအစားအလိုက်တူးဖော်ရောင်းချရေးကဏ္ဍတွင်ဥပဒေနည်းဥပဒေနှင့်အညီရောင်းချနိုင်ရေး အတွက် ဈေးကွက်ဖော်ထုတ်ကူညီ ပံ့ပိုးပေးနိုင်ရန်၊ (၁၄) ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လျက်ရှိရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကို မဖြစ်မနေ လုပ်ဆောင် ရမည်ဖြစ်၍ သတ္တုတူးဖော်ပြီးတိုင်း သစ်ပင်ပြန်လည် စိုက်ပျိုးခြင်းဖြင့် သစ်တောပြုန်းတီးမှုကို ကာကွယ်နိုင်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကိုပါ ပြိုင်တူလုပ်ဆောင်လာနိုင်စေရန်၊ (၁၅) ဒေသခံတိုင်းရင်းသားများ စားဝတ်နေရေးအတွက် ဝင်ငွေအရလွယ်သော ဘိန်းစိုက်ပျိုးခြင်း၊ လောင်းကစားပြုလုပ်ခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းများ လျော့ကျပပျောက်စေပြီး ပြည်တွင်း၌ သတ္တုတူးဖော်ပြီး လူနေမှုဘဝ မြင့်မားစေရေးအတွက်များစွာ အထောက်အကူပြုနိုင်

စေရန်တို့ ဖြစ်ပါသည်။ သတ္တုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးဖောင်ဒေးရှင်းကို အောင်မြင်စေရေး အတွက် ဒေသအသီးသီးမှ ပါဝင်လို သော ဆန္ဒရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သတ္တုလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ဥပဒေပညာရှင်များနှင့် ဖွဲ့စည်းဆောင်ရွက်သွားလိုပါတယ်။ ယင်းကဲ့သို့ ဖွဲ့စည်းခြင်းအားဖြင့် သတ္တုတူးဖော် လုပ်ကိုင် ရာတွင် လွယ်ကူလျှင်မြန်တိုးတက်မှုကို များစွာအထောက်အကူ ရရှိစေမှာဖြစ်ပါတယ်။ နိဂုံးချုပ် အနေဖြင့် သို့ဖြစ်ပါ၍ သတ္တုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးဖောင်ဒေးရှင်းကိုဖွဲ့စည်းခွင့်ရရှိမည် ဆိုပါက ကျွန်တော့်အနေဖြင့်ပတ္တမြားနဂါးဖောင်ဒေးရှင်းအမည်ဖြင့်ကျပ် သိန်းပေါင်း (၁၅၀၀၀) ကို စိုက်ထူ၍ ကူညီပံ့ပိုးပြီး (၁၀)နှစ်စီမံကိန်း ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် သတ္တုထွက်ရှိနိုင်သည့် သတ္တုအမျိုးအစားနှင့် ထွက်ရှိရာဒေသများ တည်နေရာ မြေပုံအညွှန်းနှင့်အတူ အမျိုးသားလွှတ်တော်သို့လည်း လေးစားစွာဖြင့် အဆိုတင်သွင်း အပ်ပါတယ် ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၅။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမည့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ထောက်ခံပါတယ်။

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးနေဝင်းထွန်း တင်သွင်းသွားတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ သတ္တုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း ထူထောင်ခွင့်ပြုရန် အဆိုဖြစ်ပါတယ်။ ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံ ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးရန်သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မရှိတဲ့အတွက် ဦးနေဝင်းထွန်း ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးနေဝင်းထွန်း တင်သွင်းတဲ့ အဆိုကိုဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ၄၁ ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် ၄၂ ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၂၀။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အခု အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ်အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး၄၂ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၂၈ ရက် ၊ သောကြာနေ့ ၊ နေ့လယ် ၁း၀၀ နာရီ အချိန်မှာ ကျင်းပပါမယ်။ သောကြာနေ့ ၊ နံနက်ပိုင်းမှာ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးရှိမှာဖြစ်ကြောင်း အသိပေး အပ်ပါတယ်။ နေ့လယ် ၁း၃၀ နာရီမှာ သဘင်ဆောင်မှာ ဥပဒေနဲ့ပတ်သက်ပြီး ဆွေးနွေးပွဲရှိ ပါတယ်။

**အချိန်၊ ၁၂း၂၁။**

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီ။

[ပထမအကြိမ် အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့ အစည်းအဝေးကို ၁၂း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။]